# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၀)ရက် ၊ သောကြာနေ့ ၊ (20-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၁၈



မန္တလေး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုကြသည့် Grade 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား၊ကျောင်းသူများ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

နေပြည်တော် ဇွန် ၁၉

နေပြည်တော်ကောင်စီနယ်မြေ၊မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ဇွန် ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့်ပထဝီဝင်ဘာသာရပ်တို့ကို

စာမျက်နှာ ၁၉ ကော်လံ ၁


## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၁၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊

စာမျက်နှာ ၂၂ ကော်လံ ၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၁၉ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၂၀ ရက်မှ ၂၁ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ







ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်

အယ်ဒီတာ့အာဘော်

# ကျောင်းသား၊ကျောင်းသူများစာဖတ်ဖို့ ကျောင်းစာကြည့်တိုက်များ အသုံးချစို့

ကျောင်းစာကြည့်တိုက်သည် ကျောင်းပညာရေးအတွက် ပဓာနကျသောအစိတ်အပိုင်းဖြစ်သကဲ့သို့ ကျောင်းစာကြည့်တိုက်များ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါလျက်ရှိပေသည်။ ထို့ကြောင့် ကျောင်းစာကြည့်တိုက်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့်အလေ့အကျင့် ပြုလုပ်နိုင်မှသာလျှင် ပညာရေးကဏ္ဍတွင် အထောက်အကူပြုစေမည်ဖြစ်ပေသည်။

စာဖတ်ခြင်းသည် ပညာသင်ဘဝနှင့်လူမှုဘဝအောင်မြင်ရေးအတွက် အခြေခံအကျဆုံး အကျင့်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကြည့်တိုက်များတွင် ပညာရေးအတွက် အထောက်အကူဖြစ်စေရန် စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရမည်ဖြစ်သကဲ့သို့ ဘဝအောင်မြင်ရေးအတွက် အထောက်အကူဖြစ်စေသည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရမည်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်တွင် စာအုပ်စာပေဖတ်ရှုသူကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့လေ့လာသောစာအုပ်စာပေများ၊ သုတ၊ ရသစာအုပ်များမှတီထွင်ဖန်တီးမှု၊ အသိအမြင်ကြွယ်ဝမှုနှင့် စိတ်ဓာတ်မြင့်မားမှုတို့ရရှိစေပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အဖိုးတန်အရည်အသွေးများတိုးပွားလာမည်ဖြစ်သည်။

ဆရာ၊ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစာသင်ခန်းအတွင်း မည်သည့်သင်ခန်းစာကို သင်သည်ဖြစ်စေ စာဖတ်ခြင်း၏ကောင်းကျိုးများကို အမြဲမပြတ်အထပ်ထပ်အခါခါ သွန်သင်ဆုံးမပြောပြပေးရန်လိုပေသည်။

ယနေ့အချိန်တွင် နိုင်ငံတော်က စာမတတ်သူပပျောက်ရေးစီမံကိန်းပြီးသည့်နောက် ပြည်သူလူထုကြား စာဖတ်ရှိန်မြှင့်တက်ရေးကို နိုင်ငံတော်စီမံကိန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပြည်သူလူထုကြား စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာကြည့်တိုက်များဖွင့်လှစ်ခြင်း၊ စာအုပ်များလှူဒါန်းခြင်း၊ စာပေမြတ်နိုးသူများအဖွဲ့ဖွဲ့ပေးခြင်း၊ စာဖတ်ဝိုင်းများပြုလုပ်ခြင်း စသည်ဖြင့်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်ရေးအတွက် လူငယ်များအပါအဝင် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ စာဖတ်ကြစေရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း ရပ်ကွက်၊ ကျေးရွာအလိုက် အသိပညာနှီးနှောဖလှယ်ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပေသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဟု ဆိုထားရာ လူတိုင်းလူတိုင်း အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာအုပ်စာပေနှင့်ကင်းကွာမနေသင့်ဘဲ စာကြည့်တိုက်တွင် စာအုပ်စာပေများ ဖတ်ရှုလေ့လာနေကြရမည်ဖြစ်သည်။ မကုန်ဆုံးနိုင်သော ဗဟုသုတအသိပညာရပ်တို့သည် စာအုပ်စာပေများမှ ရရှိနိုင်သကဲ့သို့ ဘဝခရီးလမ်းကို လျှောက်လှမ်းကြရာတွင်လည်း စာအုပ်စာပေကဲ့သို့သော မိတ်ကောင်း၊ ဆွေကောင်းများကသာ အမြဲအတူရှိနေပြီး ဖေးမကူညီနိုင်မည်ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကြည့်တိုက်များရှိ စာအုပ်စာပေများကို လေ့လာဖတ်ရှု၍ ဘဝတိုးတက်ရာ၊ တိုးတက်ကြောင်းအတွက် အကျိုးရှိရှိအသုံးချကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ပဲစင်းငုံအိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ပဲစင်းငုံအိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ၂၄ ပြည်ဝင် ပဲစင်းငုံအိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ၂၄ ပြည်ဝင် ပဲစင်းငုံ အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါ ပဲစင်းငုံများဝယ်ယူမှု ကောင်းလာခြင်းသည် ပြည်တွင်းပဲလုပ်ငန်းများ အားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''လက်ရှိ ဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ ပဲစင်းငုံတွေက သိုလှောင်ထားသူတွေနဲ့ ကုန်သည်ကြီးတွေဆီမှာပဲ ရှိပါတော့တယ်။ ကျောင်းကုန်းမြို့နယ် ဒေသထွက် ကုန်သီးနှံတွေကိုဒေသပွဲရုံတွေက နေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ မေလထဲမှာ ၂၄ ပြည်ဝင် ပဲစင်းငုံ အိတ်ရေ ၅၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်''ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဝင်းဌေးကပြောပြသည်။

အဆိုပါ ဒေသထွက်ပဲစင်းငုံများကို ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၄ ပြည်ဝင် ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်ဦးခရိုင် စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများ လိုက်လံကြည့်ရှုအားပေး



**မန္တလေး ဇွန် ၁၉**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ပြန်လည်ကျင်းပစစ်ဆေးခြင်းများကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိပြီး မန္တလေးတိုင်း ဒေသကြီးအတွင်း သတ်မှတ်စာစစ်ဌာန ၁၀၁ ခုတွင် ဇွန် ၁၈ ရက်က ဖြေဆိုခဲ့သည့် သင်္ချာဘာသာရပ်၌ စုစုပေါင်း ဝင်ရောက်ဖြေဆိုသူ ၃၃၇၆၃ ဦး (ဖြေဆိုသည့် ရာခိုင်နှုန်း ၉၈ ဒသမ ၆၀ ရာခိုင်နှုန်း)ရှိခဲ့သည်။

ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့ရှိ အခြေခံပညာထက်တန်းကျောင်း(ပင်မ) နှင့် အခြေခံပညာအထက်တန်းကျောင်း(တိုးချဲ့) စာစစ်ဌာနများသို့လည်းကောင်း၊ ညောင်ဦးမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်း(တောင်ဇင်း)၊ အခြေခံပညာ အထက်တန်းကျောင်း (ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)စာစစ်ဌာနများသို့လည်းကောင်း သွားရောက်၍ စာဖြေခန်းများတွင် ကျောင်းသားကျောင်းသူများစိတ်အေးချမ်းမြေ့စွာဖြင့်ဖြေဆိုနေမှုများနှင့် အခြေခံပညာအထက်တန်းကျောင်း(ပုဂံ) စာစစ်ဌာနတွင် ကျန်းမာရေးဆေးပေးခန်း၌ စာမေးပွဲဖြေဆိုနေစဉ်ကျောင်းသူတစ်ဦး သွေးအားနည်းမူးမော်မှုကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၄၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အင်းတော် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၄၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၄၀၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်နှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများ ပြုပြင်မွမ်းမံထိန်းသိမ်းမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇွန် ၁၈ ရက် မွန်းလွဲ ပိုင်းက ညောင်ဦးခရိုင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ အတွင်းရှိ တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော် ကြည်ညိုပြီး ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်ဖူးမြော်ရာတွင် အာနန္ဒာဂူဘုရားကြီး၊ ထီးလိုမင်းလိုဂူဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းခဲ့သည်။

အဆိုပါ ဘုရားများသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကို ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက အာနန္ဒာဂူဘုရားကြီး စောင်းတန်း သုံးသွယ်ရှိ ရွှေဇဝါယွန်းများ ရွှေမိုက်ထုတ်ခြင်း၊ Easy Gold ဖြင့် ရွှေချလုပ်ငန်းဆောင်ရွက်မည့်အစီအမံများ၊ ထီးလိုမင်းလို ဂူဘုရား ရင်ပြင် သဲကျောက်ပြားခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရွှေစည်းခုံစေတီတော်ကြီးတွင် ကဏ္ဍအလိုက် ဘက်စုံ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ပုဂံရှေးဟောင်းအမွေအနှစ် ဒေသအတွင်း ရေကြီးရေဝပ်မှု ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ရှေးဟောင်းရေကန်များနှင့် ရှေးခေတ် ရေအသုံးချမှုစနစ် ပြန်လည်ဖော်ထုတ် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ညောင်ဦးမြို့မှ ပုဂံမြို့သွား အနော်ရထာနှစ်လမ်းသွား လမ်းမကြီးပေါ် မိုးရွာသွန်းမှုများ ချိန်၌ ရေကြီးရေဝပ်ခြင်းများမဖြစ်ပေါ်စေရန်၊ ရေစီးရေလာကောင်းမွန်စေရန်၊ ယာဉ်ဖြတ်သန်းသွားလာမှုချောမွေ့စေရန် Box Culvert နှစ်စင်း ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်နေသည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ အတွင်း ရေလမ်းကြောင်း အမှတ် (၂) ပြုပြင်တူးဖော်ခြင်း၊ ရေကျော်များ ပြုပြင်တည်ဆောက်ခြင်းနှင့် လိုအပ်သော မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၃၂၃၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၃၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၇၈၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဝါဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ မိုးသီးနှံ မျိုးကောင်းမျိုးသန့်တွေ တောင်သူများလွယ်ကူစွာ ရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။



မုံရွာမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်း မျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံ ဖြစ်ထွန်း အောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေး တို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူ လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ငွေကျပ်သုံးသိန်းခွဲကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဝါကို တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ရမည်းသင်းမြို့နယ် ပေါက်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရမည်းသင်း ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇွန် ၁၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံများက ပေါက်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပေါက်အိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကောဒသမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၂၃၂ ဦးကို ငွေကျပ် ၈၀၀ ဒသမ ၅ သိန်း ထုတ်ချေးပေးထားကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင် ထံမှ သိရသည်။

**နီလာ**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖူးစားပြောင်း အဖူးရေ ၁၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ဖူးစားပြောင်း အဖူးရေ ၁၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ပြောင်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၁၁၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလအတွင်း ဖူးစားပြောင်းအဖူးရေ ၁၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်းက မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်း အဖူးရေအများအပြားတင်ပို့ ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများ တင်ပို့ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင် အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်'' ဟု မအူပင်မြို့နယ် ပြောင်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်ကပြောပြသည်။

မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀ မှ ၃၆၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဖူးစားပြောင်း အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ပြောင်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ပြောင်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ပညာသည်သာ ရတနာ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"ယခုငယ်က၊ ကြိုးလုံ့လ၍၊ သုတပညာ၊ နေ့တိုင်းရှာလော့၊ ပညာမကြိုက်၊ ပျင်းရိမိုက်မူ၊ နောက်လိုက်ဝန်ထမ်း၊ အလုပ်ကြမ်းတွင်၊ တွေ့လေကျင်သည်၊ လူရှင်မှတ်ကြ၊ မပျင်းတည်း"

(လောကနီတိ)

ကျောင်းများဖွင့်လေပြီ။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေလေပြီ။

နိုင်ငံ၏မျိုးဆက်သစ် ဖူးငုံပန်းကလေးများ၊ မိုးဆမ်းပန်းကလေးများအလား ပျော်ပါးရွှင်မြူးနေကြသည်။ လန်းဆန်းတက်ကြွနေကြသည်။ ကျောင်းဝတ်စုံအဖြူအစိမ်းကိုယ်စီဖြင့် ရွှင်လန်းတက်ကြွစွာ ကျောင်းတက်နေကြသော ကျောင်းသား၊ ကျောင်းသူများကိုကြည့်ပြီး မိဘပြည်သူများ ပီတိဖြစ်နေကြသည်။

**ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်ထိ သတ်မှတ်လှုံ့ဆော်ခဲ့ကာ ကျောင်းအပ်နှံခြင်းများကို လက်ခံဆောင်ရွက်ခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာနက အသိပေးကြေညာချက်များအဖြစ် ကျောင်းအုပ်၊ ဆရာ၊ ဆရာမအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များနှင့် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်များထုတ်ပြန်ကာ အလေးထားဆောင်ရွက်ခဲ့ကြသည်။

ကျောင်းအပ်နှံကြသည့် ကလေးများအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံနှင့်ဘောပင်များကို အခမဲ့ဖြန့်ဝေပေးပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများပါ အခမဲ့ဖြန့်ဝေပေးနေကြောင်း သတင်းထုတ်ပြန်ချက်များအရ သိကြရသည်။

လက်တွေ့တွင်လည်း ကျောင်းအပ်နှံခဲ့ကြသည့် သီတင်းပတ်အတွင်းတွင် ကျောင်းသား၊ ကျောင်းသူလေးများသည် ကျောင်းဝတ်စုံအဖြူအစိမ်းကိုယ်စီဖြင့် ပြဋ္ဌာန်းစာအုပ်များ၊ ခဲတံနှင့်ဘောပင်များကို ပွေ့ပိုက်လျက် တက်ကြွလန်းဆန်းပျော်မြူးနေကြလေရာ ကြည်နူးစရာအလွန်ကောင်းသော မင်္ဂလာမြင်ကွင်းများဖြစ်နေကြသည်။

သူတို့ကလေးတွေကိုကြည့်ပြီး သူတို့တစ်ဦးချင်းစီ၏အရေး၊ မိသားစုအရေးနှင့် နိုင်ငံတော်အရေးအတွက် အားတက်ကြရသည်။ အကြောင်းမှာမူ ပညာခေတ်မှာ ကမ္ဘာကိုရင်ပေါင်တန်းနိုင်ရေးနှင့် တစ်ဦးချင်းစီ၏ လူနေမှုဘဝမြင့်မားတိုးတက်စေရေးအတွက်ဖြစ်သည်။

ပညာနှင့်ပတ်သက်၍ စာရေးဆရာကြီးအောင်သင်းက ခံစားချက်ပြင်းပြစွာဖြင့် ကရုဏာဒေါသော ဟောပြောရေးသားခဲ့သည်ကို အမှတ်ရနေသည်။ ဆရာအောင်သင်းက "ကျွန်တော်တို့ ဗမာလူမျိုးတွေကို အင်္ဂလိပ်ကျွန်ပြုခံရတာဟာ တိုင်းပြည်စည်းလုံးမှုမရှိလို့၊ သူတစ်လူငါတစ်မင်းပုန်ကန်လို့၊ နန်းတွင်းရေးရှုပ်ထွေးလို့ စသဖြင့်ပြောကြတယ်။ တကယ်စဉ်းစားကြည့်တော့ အဲဒါတွေတစ်ခုမှမဟုတ်ဘူး။ အဓိက အကြောင်းက ပညာမတတ်လို့"ဟု ဟောပြောရေးသားခဲ့ရာ အလေးအနက်ထားပြီး တွေးတောဆင်ခြင်ကြည့်ကြစေချင်သည်။ ဤနေရာတွင် "**ပညာ**" ၏အဓိပ္ပာယ်ဖွင့်ဆိုချက် အတိမ်အနက်ကို ဖော်ပြလိုသည်။ "**မြန်မာအဘိဓာန်**" တွင် "**ပညာ**" ကို "**ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်**"၊ "**အတတ်**" ပါဠိလို "**ပညာ**"ဟု ဖွင့်ဆိုထားသည်။

"**သုတရတနာ ဆုံးမစာ**"တွင် "**မီးရောင် လရောင်၊ နေအရောင် ဉာဏ်ရောင်လွှမ်း၍မိုး၊ ပညာသမာ၊ အာဘာနတ္ထိ၊ မြတ်မုနိ၊ ဟောရိုကျမ်းကိုကိုး**"၊ "ပညာနှင့်တူသောအလင်းရောင်သည်မရှိ"ဟုညွှန်းဆိုထားသည်။

"ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး" ၊ "ပညာရွှေအိုး လူမခိုး"၊ "ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာအရောင် ထွန်းလင်းပြောင်"၊ "ပညာမရှိသူ၏ဝန်ထမ်း"၊ "ပညာစုံမှ သက်လုံကောင်းမည်"၊ "ပညာမရ လျှပ်ပေါ်လှ သူများနောက်လိုက်သာ"၊ "ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ"ဟူ၍ ပညာနှင့်ပတ်သက်သော ဆိုရိုးများ၊ စကားပုံများလည်း များစွာရှိကြသည်။

"လူတော်များ တိုးပွားထွန်းကားလာအောင် ပညာရေးဖြင့် ပျိုးထောင်ပေးရမည်" "လူကောင်းများ တိုးပွားထွန်းကားလာအောင် ဘာသာရေးဖြင့် ပျိုးထောင်ပေးရမည်"ဟုလည်း ဆိုဆုံးမကြသည်။

"မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ"တွင် "ပညာဆိုသည်မှာ လက်ရုံးရည်၊ ပညာရည်၊ နှလုံးရည် **ဟူသည့်သုံးပါးနှင့် ပြည့်စုံခြင်းကိုဆိုလိုသည်**"ဟု ဖွင့်ဆိုထားသည်။

"**ဆရာကြီးဦးဗဂျီငို**"ကလည်း-

"လောက၌လူတို့တွင် ပညာသည် တန်ခိုးအင်အားနှင့် အပြည့်စုံသော၊ ဩဇာအာဏာအကြီးမားဆုံးသော၊ ဆွေမျိုးဉာတိ အစစ်ဆုံးသော၊ မိတ်ဆွေသင်္ဂဟအစစ်ဆုံးသော၊ အားကိုးမှီဝဲရာ အစစ်ဆုံးသော၊ ပုန်းအောင်းမှီခိုရာအစစ်ဖြစ်ထသော၊ လိုအင်ဆန္ဒတို့ကို တစ်လုံးတစ်ဝတည်း ပြည့်စုံစေတတ်သော ရတနာအစစ်ဖြစ်ကြီးမကဖြစ်လှပေတော့သည်" "ကြီးစွာတိုးတက်လိုသူသည် မည်သည့်လူမျိုးမဆို မည်သည့်နာရီစက္ကန့်မဆို၊ အချိန်မှန်သမျှထဲမှ ကုသိုလ်၊ ပညာ၊ ဥစ္စာသုံးမျိုးတွင် တစ်မျိုးမျိုးရရမည်။ မရလျှင်၊ အချိန်ကို အလွဲသုံးစားပြုသည်မည်တော့၏"ဟုရေးသားခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် "**ပညာရေးသည် အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်**" (Education is investment for future) ဟူသော ဆောင်ပုဒ်ကိုယ်စီဖြင့် ပညာရေးကဏ္ဍကို အလေးအနက်ထားနေကြသည်။ "**ပညာမြင့်မှ နိုင်ငံတင့်မည်**"ဟုလည်း ခံယူထားကြသည်။

ပညာ၏ အနှစ်သာရမှာ နက်ရှိုင်းကျယ်ပြောလှသည်။ ယနေ့ကမ္ဘာပေါ်တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ပွဲများဆင်နွှဲပြီး နယ်ချဲ့နေကြခြင်းမဟုတ်ဘဲ စီးပွားရေးနှင့် နယ်ချဲ့နေကြသည်။ ထိုသို့နယ်ချဲ့နေကြရာတွင် နည်းလမ်းပေါင်းစုံ၊ နည်းပညာအတတ်ပညာမျိုးစုံဖြင့် တီထွင်ပြီး နယ်ချဲ့နေကြသည်။ အဓိကနယ်ချဲ့လက်နက်မှာ "**ပညာ**"လက်နက်ပင်ဖြစ်သည်။ ခေတ်မီသောနည်းပညာများ မကျွမ်းကျင် မတတ်မြောက်ကြပါက ကမ္ဘာ့အလယ်တွင် မျက်နှာငယ်နေကြရပေမည်။

**နိုင်ငံတော်၏ပညာရေး**

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက်(၈)ရပ် ချမှတ်ထားရာ လူမှုရေးဦးတည်ချက်သုံးရပ်အနက်-

"**တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတတ်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး**"နှင့် "**နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး**"ဟူ၍ချမှတ်ထားပြီး လူငယ်များ၏ ပညာရေးနှင့် ဘဝတိုးတက်မြင့်မားရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်ရေးစရိတ်နှင့်ပံ့ပိုးငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်ပေးခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင်ဆောင်ရွက်ပေးခြင်း စသည့်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် "**မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံများ**"ကို ကျင်းပပေးလျက်ရှိရာ ၂၀၂၃ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံတွင် "အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်ရေး" ဦးတည်ချက်ချမှတ်ကျင်းပခဲ့ပြီး ၂၀၂၄ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံတွင် "**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး**"ဦးတည်ချက်ဖြင့် ဇွန် ၂၅ ရက်မှ ၂၇ ရက်ထိ သုံးရက်တိုင်တိုင် နေပြည်တော်၌ ကျင်းပသွားခဲ့သည်။

၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံတွင် ဖော်ပြပါဦးတည်ချက်အရ ရည်ရွယ်ချက် (၆)ရပ် ချမှတ်ထားရာ-

(၁) တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ ပေါ်ထွန်းလာစေရန်၊

(၂) အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ပေးရန်၊

(၃) ထုတ်လုပ်မှုကိုအားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၄) ဆရာဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊

(၅) သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့်

(၆) အရည်အသွေးအာမခံမှုရှိသည့်ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန် ဟူ၍ဖြစ်သည်။

နိုင်ငံတော်ကချမှတ်ထားသော လူမှုရေးဦးတည်ချက်ပါ လူငယ်နှင့်ပညာရေးရည်မှန်းချက် လျာထားချက်၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ချက်များသည် လူငယ်၊ လူကြီးတစ်ဦးချင်းစီမှသည် နိုင်ငံတော်အတွက် အလွန်တန်ဖိုးရှိလှသည့် ဆောင်ရွက်ချက်များဖြစ်ကြသည်။

ရည်မှန်းလျာထားချက်များကို အောင်မြင်တိုးတက်မှုရှိစေရေးအတွက် လက်တွေ့ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရသာမက၊ ပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသားလူငယ်များကပါ ပညာ၏တန်ဖိုး အကျိုးကျေးဇူးကို နားလည်ခံစားပြီး ဝိုင်းဝန်းကြိုးပမ်းကြပါမှ အောင်မြင်တိုးတက်မှုများကို ရရှိခံစားကြရပေလိမ့်မည်။

**အစကောင်းမှ အနှောင်းသေချာ**

ပညာရေးကိုအစပျိုးသူများမှာ မိဘများပင်ဖြစ်ကြသည်။ "**လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ**"ဟူသော စကားပင်ရှိသည် မဟုတ်ပါလား။

မိဘများက မိမိ၏ရင်ခွင်ပိုက် သားသမီးငယ်များကို လိမ္မာယဉ်ကျေးအောင် အခြေခံလောက်သာ ပြောဆိုသွန်သင်နိုင်ကြသည်။ အခြေခံအတန်းပညာများကိုကား စာသင်ကျောင်းများမှ ဆရာဆရာမများက ဘွဲ့များရသည်ထိ သင်ကြားပေးနေကြရသည်။ အခြေခံပညာအဆင့်က အတန်းပညာများကို သင်ကြားပေးရင်း၊ ယဉ်ကျေးလိမ္မာကြစေရန်၊ သွန်သင်ဆုံးမပေးနေကြပြီး၊ ကလေးဘဝမှစ၍ ဘဝနေထိုင်နည်းများကို ပျိုးထောင်ပြုပြင်ပေးနေခြင်းဖြစ်သည်။ "**စာသင်ပေးရင်း၊ လူကိုပြင်ပေးနေကြခြင်း**"ဖြစ်သည်။

"**ပညာချို့တဲ့၊ အတတ်မဲ့သော်၊ ကဲ့ရဲ့အဝှန်း၊ လူ့ပေါက်ပန်းဟု၊ သွပ်မှန်းသိထွေ၊ ဆိုကြလေအံ့**" ဟူသော "**လောကနီတိပျို့**"ပါ ဆုံးမစာများဖြင့် ပြုစုပျိုးထောင်ပေးနေကြရသည်။ ထို့မျှမကသေး။ ကျွန်တော်တို့ငယ်စဉ်ကလေးဘဝက "**ဆားတုံ့ဆရာတော်**"၏ "**ပညာမတတ်သောသူဌေးသားအကြောင်း**" ကဗျာကို အလွတ်ရအောင် ကျက်မှတ်စေခဲ့သည်။

"မောင်ငယ်ရင်သွေး၊ နာဘိသေးလော့၊ ရှေးသရောအခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ၍၊ စာပေမကျေ၊ မိဘစုတေ့၊ ခန္ဓာရွှေ့သော်၊ အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါငြား၊ သူဌေးသားသည်၊ သိုထားမတတ်၊ အရပ်ရပ်၌၊ နှံအပ်ဥစ္စာ၊ ရှိသည်ငှာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊ ယူ၍ပြေးရှောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်းကြေလျက်၊ ခွက်လက်ဆွဲကာ၊ တောင်းစားပါလည်း၊ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်၊ ကောင်သေလင်းတ၊ ကျ၏တည်း"

အဆိုပါကဗျာထဲပါပညာမတတ်သောသူဌေးသားများ များစွာရှိသကဲ့သို့ ပညာအားနည်းသဖြင့် အလိမ်အညာခံရမှုများ၊ လူဖြစ်ရှုံး ဘဝဆုံးမှုများ များစွာရှိခဲ့ကြသည်။

အထက်တန်းပညာအဆင့်တွင် အတတ်ပညာများသာမက အသိပညာများကိုပါ သင်ကြားပေးနေကြသည်။ တွေးခေါ်ဆင်ခြင်မြော်မြင်အသိနှင့် ပေါင်းသင်းဆက်ဆံရေးများကိုပါ အရွယ်နှင့်အညီ လေ့ကျင့်ပျိုးထောင်နေကြရသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများကို "**ပန်းပျိုးသူဥယျာဉ်မှူး**"များအဖြစ်လည်း တင်စားထားကြပြီး နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့ကို "**ကမ္ဘာ့ဆရာများနေ့**"အဖြစ် သတ်မှတ်ပြီး ဆရာ၊ ဆရာမများကို ဂုဏ်ပြုပူဇော်နေကြခြင်းဖြစ်သည်။

❖ **ပညာ၏အနှစ်သာရမှာ နက်ရှိုင်းကျယ်ပြောလှသည်။ ယနေ့ကမ္ဘာပေါ်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ပွဲများဆင်နွှဲပြီး နယ်ချဲ့နေကြခြင်းမဟုတ်ဘဲ စီးပွားရေးနှင့် နယ်ချဲ့နေကြသည်။ ထိုသို့နယ်ချဲ့နေကြရာတွင် နည်းလမ်းပေါင်းစုံ၊ နည်းပညာအတတ်ပညာမျိုးစုံဖြင့်တီထွင်ပြီး နယ်ချဲ့နေကြသည်။ အဓိကနယ်ချဲ့လက်နက်မှာ "ပညာ"လက်နက်ပင်ဖြစ်သည်။ ခေတ်မီသောနည်းပညာများ မကျွမ်းကျင်မတတ်မြောက်ကြပါက ကမ္ဘာ့အလယ်တွင် မျက်နှာငယ်နေကြရပေမည်။** ❖

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၂၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၂၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၂၆ ဧကလျာထားပြီး ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးများဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်ရန် စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်တစ်ခုလုံးအနေနဲ့ စပါးဧက ၅၀၀၀၀၀ ကျော် လျာထားစိုက်ပျိုးပွဲမယ်။ လက်ရှိ စပါးစိုက်ပျိုးဖို့ လိုအပ်တာတွေပြင်ဆင်နေပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က စပါးတွေအခက်အခဲမရှိ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ လိုအပ်သလို ချိတ်ဆက်ကူညီပေးသွားမယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် စပါးစိုက်ပျိုးမှုကို အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူ က ပြောပြ၍ သိရသည်။ (၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

ဗုဒ္ဓဘာသာမြန်မာလူမျိုးများကတော့ "**အာစရိယဂုဏော အနန္တော**"ဟု နေ့စဉ်ဂုဏ်ပြုပူဇော်ကန်တော့နေကြသည်။ ထို့ကြောင့် "**ပညာသည်သာ ရတနာ၊ ဆရာသည်သာအခရာ**"ဟုလည်းကောင်း၊ "**တပည့်နှင့်ဆရာ၊ ရေနှင့်ကြာ**"ဟုလည်းကောင်း ဂုဏ်ပြုညွှန်းဆိုနေကြခြင်းဖြစ်သည်။ အနန္တောအနန္တငါးပါးထဲတွင် မိဘနှင့်ဆရာများ ပါဝင်နေခြင်းကိုက မိဘဆရာများ၏ဂုဏ်ရည်ကို စာပန်းချီခြယ်သ၍ မကုန်နိုင်ပေ။

ပညာရေးနိဒါန်းအစသည် အခြေခံပညာကျောင်းများ ဖြစ်ကြလေရာ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အစကတည်းက မိဘ၊ ဆရာ၊ ကျောင်းသား ဟန်ချက်ညီအောင် ကြိုးစားကြစေချင်သည်။

ပညာရေးဝန်ကြီးဌာနက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာကြရမည့်အချက်များ ချမှတ်ထားသကဲ့သို့ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသိရှိလိုက်နာကြရမည့် မေတ္တာရပ်ခံချက်များ ထုတ်ပြန်ထားသည်။ ထိုမေတ္တာရပ်ခံ ထုတ်ပြန်ထားချက်များကို မိဘ၊ ဆရာ၊ ကျောင်းသား ဟန်ချက်ညီညီ ပေါင်းစည်းကြိုးစားသွားကြရန် လိုအပ်လှသည်။ သို့မှသာ နိုင်ငံတော်၏ပညာရေးရည်မှန်းချက်များလည်း ပြည့်မီထိရောက်မှုရှိပြီး ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မိသားစုတိုင်းလည်း ရည်မှန်းချက်များပြည့်ဝ၊ စိတ်ချမ်းသာမှုများလည်း ရရှိခံစားကြရပေလိမ့်မည်။

"**အချိန်နှင့်ဒီရေသည် လူကိုမစောင့်**"ဟူသော စကားပုံရှိသည်။ ထို့ကြောင့် "**လသာတုန်း ဗိုင်းငင်**" "**မိုးရွာတုန်းရေခံ**" "**အချိန်ရှိခိုက် လုံ့လစိုက်**"ဆိုသကဲ့သို့ပင် ယခုကဲ့သို့ ကျောင်းဖွင့်စကတည်းက ကျောင်းတက်မှန်ကြပြီး စာကြိုးစားကြပါမှ ပညာရေး၏ အခြေခံအတန်းပညာများ တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်ပြီး ဘဝခရီးဖြောင့်ဖြူးကြပေလိမ့်မည်။

"**စစ်ရောက်မှ မြားချွန်၊ မိုးလွန်မှ ထွန်ချ**" စာမေးပွဲကျမှ နောင်တရနေကြလျှင် မည်သူကမျှသနားနေကြမည်မဟုတ်ပေ။

လောကကြီးတွင် အစားထိုးမရသည့်အရာမှာ "**အချိန်နှင့် မိဘ**" ဖြစ်ရာ လက်ရှိအချိန်ကို အချည်းနှီးမဖြစ်အောင် အကျိုးရှိရှိ အသုံးပြုကြစေချင်သည်။

အချုပ်ဆိုရပါမူ "**ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏**"ဟု "**မဃဒေဝ**"လင်္ကာမှာ ဆိုဆုံးမထားသကဲ့သို့ ပညာပြည့်ဝ နှလုံးလှသောလူငယ်များ တိုးပွားလာကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

## လွမ်းစိတ်ရင်ဖို ဆရာအို

\- ကျောင်းဝတ်စုံ ဆင်ကာမြန်း  
ပညာနန်း လှမ်းလို့ဝင်၊  
မင်္ဂလာပါ လွမ်းခြုံလှစ်  
တွယ်ရစ်နှောင်ငင်၊  
လူကိုလည်း ကောင်းအောင်ပြင်  
စာကိုသင် ဉာဏ်ကွန့်မြူး၊  
နှလုံးလှပေရှာ  
မြတ်ပညာ ကြွယ်ပါဘိ  
ပြုံးပီတိထူး။

\- ပန်းသခင် ဥယျာဉ်မှူး  
ကြည်နူးလျက် လုပ်ငန်းဝင်၊  
ပေါင်းမြက်ထူ အဖျက်ပိုးတို့  
အားကြိုးသုတ်သင်၊  
ဖွဲ၊ လုံ့လ ဦးထိပ်ဆင်  
စိုက်ပျိုးပင် လုံးစုံလှ၊  
စိမ်းလဲ့ရောင်စို  
ဆရာအို စိတ်မှာစွဲ  
ရင်ထဲ တမ်းတ။

\- ခေါင်းလောင်းသံ ချိုအေးမြ  
ဆိုတေးက ဝေဝေစီ၊  
အနာဂတ်မှာ မျိုးဆက်ပန်းတို့  
ပွင့်လန်းစေမည်၊  
ရနံ့သင်း ဆင်းဂုဏ်ရည်  
တို့မြန်ပြည် သာဖို့တွေး၊  
အလှသွေးရယ်စုံ  
ဘဝပေးဂုဏ် ထူးတင့်ဆန်းတယ်  
လွမ်းမိတယ်လေး။ ။

**စန်းထက်(ဖန်ခါးမြေ)**

# နိုင်ငံတကာ သတင်းများ

# ယူကရိန်းကို ခရုစ်ဒုံးကျည်စနစ်များမပေးပို့ရန် ဂျာမနီနိုင်ငံကို ရုရှားသမ္မတပူတင် သတိပေးပြောကြား



မော်စကို ဇွန် ၁၉

ဂျာမနီနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံသို့ တောရပ်စ်အမျိုးအစား ခရုစ်ဒုံးကျည်များ မထောက်ပံ့ရန် ရုရှားသမ္မတပူတင်က ယနေ့တွင် သတိပေးပြောကြားလိုက်သည်။

ယူကရိန်းကို တောရပ်စ်ခရုစ်ဒုံးကျည်များ ထောက်ပံ့ခဲ့ပါက ယူကရိန်းပဋိပက္ခအတွင်း ဂျာမနီနိုင်ငံတိုက်ရိုက်ပါဝင်လာမှုအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားသည်။

သို့ရာတွင် မိမိအနေဖြင့် ဂျာမနီဝန်ကြီးချုပ် ဖရိုက်ဒရစ်မားဇ်နှင့်တွေ့ဆုံဆွေးနွေးရန်လည်း အသင့်ရှိကြောင်း ရုရှားသမ္မတက ပြောကြားထားသည်။

တောရပ်စ်ခရုစ်ဒုံးကျည်များကို အသုံးပြုရာ၌ ယူကရိန်းနိုင်ငံအနေဖြင့် အနောက်အုပ်စုနိုင်ငံများ၏ ဂြိုဟ်တုထောက်လှမ်းရေးစနစ်များနှင့် ဂျာမနီကျွမ်းကျင်သူများ၏ အကူအညီယူရလိမ့်မည်ဖြစ်သည်။

သို့ရာတွင် ယူကရိန်းအစိုးရက တောင်းဆိုနေသော်လည်း တောရပ်စ် ခရုစ်ဒုံးကျည်များကို ယူကရိန်းသို့ ပေးပို့ရေးအတွက် မိမိတို့စဉ်းစားထားခြင်းမရှိကြောင်း ဂျာမနီ ကာကွယ်ရေးဝန်ကြီး ဘောရစ်ပစ္စတိုရီးယပ်စ်က ယခုလအတွင်း ပြောကြားထားသည်။

ဂျာမနီနိုင်ငံအနေဖြင့် ယူကရိန်းကို တောရပ်စ်ဒုံးကျည်စနစ်များ ထောက်ပံ့ခဲ့လျှင်ပင် စစ်ပွဲ၏အခြေအနေ ပြောင်းလဲသွားမည် မဟုတ်ကြောင်း၊ စစ်မြေပြင်၌ ရုရှားတပ်များက နေရာပေါင်းစုံ၌ အသာစီးရထားကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

Ref : RT
Trs : KKO

## ပါကစ္စတန်စစ်ဦးစီးချုပ်ကို သမ္မတဒေါ်နယ်ထရန့် လက်ခံတွေ့ဆုံ



ဝါရှင်တန် ဇွန် ၁၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ပါကစ္စတန်စစ်ဦးစီးချုပ် ဖီးမာရှယ်ဗိုလ်ချုပ်ကြီး အာဆင်းမ်မူနီရာကို ဇွန် ၁၈ ရက်တွင် အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသည် အမေရိကန်သမ္မတတစ်ဦးက ပါကစ္စတန်စစ်ဦးစီးချုပ်တစ်ဦးကို ပါကစ္စတန်အရပ်ဘက်ထိပ်တန်းခေါင်းဆောင်များမပါဘဲ အိမ်ဖြူတော်၌ ပထမဆုံးအကြိမ်လက်ခံတွေ့ဆုံမှုဖြစ်သည်။

ပါကစ္စတန်စစ်ဦးစီးချုပ် မူနီရာသည် ပါကစ္စတန်နိုင်ငံ၌ ဩဇာအကြီးမားဆုံး ပုဂ္ဂိုလ်အဖြစ် အများ၏ သတ်မှတ်မှုခံထားရသူဖြစ်သည်။

ဇွန် ၁၈ ရက် တွေ့ဆုံပွဲတွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ပါကစ္စတန်စစ်ဦးစီးချုပ်တို့သည် အီရန်နှင့် အစ္စရေးပြဿနာနှင့် ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် အဆိုပါဆွေးနွေးပွဲတွင် ပါကစ္စတန်စစ်ဦးစီးချုပ်အနေဖြင့် အီရန်-အစ္စရေး ပဋိပက္ခအတွင်း အမေရိကန်နိုင်ငံ မဝင်ရောက်ရေးအတွက် သမ္မတဒေါ်နယ်ထရန့်ကို တိုက်တွန်းခဲ့ဖွယ်ရှိကြောင်း ပါကစ္စတန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နိုင်ငံအား အစ္စရေးနိုင်ငံ၏ စစ်ရေးအရ တိုက်ခိုက်မှုကို နိုင်ငံတကာ ဥပဒေများအား ချိုးဖောက်မှုအဖြစ် ပါကစ္စတန်အစိုးရက ဝေဖန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပင်လယ်ဝါရေပြင်အတွင်းသို့ ဒုံးကျည်များ မြောက်ကိုရီးယားနိုင်ငံ ပစ်လွှတ်

ဆိုးလ် ဇွန် ၁၉

မြောက်ကိုရီးယားနိုင်ငံသည် ယနေ့တွင် ဒုံးကျည် ၁၀ စင်းခန့်ကို ပင်လယ်ဝါ ရေပြင်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါဒုံးကျည်များကို ပြုံယမ်းမြို့အနီး ဆူနန်ဒေသမှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားတပ်မတော်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောင်ကိုရီးယား၊ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး တစ်ရက်အကြာတွင် မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်များ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များသည် ကီလိုမီတာပေါင်းများစွာ ပျံသန်းပြီး ပင်လယ်ဝါရေပြင်အတွင်းသို့ ကျရောက်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါဒုံးကျည်များကို ၂၄၀ မီလီမီတာ ဒုံးပစ်လောင်ချာပစ်ခတ်လေ့ကျင့်မှုအစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ပစ်လွှတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၄၀ မီလီမီတာ ဒုံးပစ်လောင်ချာစနစ်ကို ပြီးခဲ့သည့်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အီရန်နှင့် အစ္စရေး သတ္တမမြောက်နေ့အဖြစ် လေကြောင်းတိုက်ခိုက်မှုများ အပြန်အလှန်ပြုလုပ်



ဂျေရုဆလင် ဇွန် ၁၉

အီရန်နှင့် အစ္စရေးနိုင်ငံတို့သည် ယနေ့တွင် သတ္တမမြောက်နေ့အဖြစ် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် အီရန်နိုင်ငံက အစ္စရေးနိုင်ငံ လူနေဒေသများကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ ဆေးရုံတစ်ရုံကို ဒုံးကျည်ထိမှန်ခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် အီရန်နိုင်ငံသည် တဲလ်အဗစ်မြို့နှင့် အစ္စရေးအလယ်ပိုင်းဒေသများကိုလည်း ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အလားတူ အစ္စရေးနိုင်ငံကလည်း အီရန်နိုင်ငံ တီဟီရန်မြို့နှင့် အီရန် နျူကလီးယားအဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြသည်။

အစ္စရေးနိုင်ငံက ဇွန် ၁၃ ရက်တွင်အီရန်နျူကလီးယားအဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အစ္စရေးနှင့် အီရန်တို့ကြား စစ်ရေးပဋိပက္ခစတင်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် ဇွန် ၁၃ ရက်မှစ၍ လက်ရှိအချိန်ထိ အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်း ၄၀၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒုံးကျည်အစင်း ၄၀ ခန့်မှာ အစ္စရေးလေကြောင်းရန် ကာကွယ်ရေးစနစ်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အီရန်နှင့် အစ္စရေးရောက်နိုင်ငံသားများကို ခေါ်ထုတ်ရေးအတွက် ဂျပန်နိုင်ငံပြင်ဆင်နေ

တိုကျို ဇွန် ၁၉

အီရန်နှင့် အစ္စရေးနိုင်ငံများသို့ ရောက်ရှိနေသော နိုင်ငံသားများကို ပြန်လည် ခေါ်ထုတ်ရေးအတွက် ဂျပန်နိုင်ငံက ပြင်ဆင်နေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အစ္စရေးနှင့် အီရန်နိုင်ငံရောက် ဂျပန်နိုင်ငံသားများကို ပြန်လည် ခေါ်ထုတ်ရေးအတွက် အသင့်ပြင်ထားရန် ဂျပန်တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ်များကို ညွှန်ကြားထားကြောင်း ဂျပန်အစိုးရအတွင်းဝန်ချုပ် ယိုရှီမာဆာ ဟာယာရှီက ယနေ့တွင် ပြောကြားထားသည်။

ဂျပန်နိုင်ငံသားများကို ခေါ်ထုတ်ရာတွင် လိုအပ်လာပါက အသုံးပြုရန် ဂျပန်တပ်မတော်၏ စီ-၂ သယ်ယူပို့ဆောင်ရေး လေယာဉ်များကို အာဖရိကတိုက် ဂျီဘူတီနိုင်ငံသို့ စေလွှတ်ထားမည်ဖြစ်ကြောင်း ယိုရှီမာဆာဟာယာရှီက ပြောကြားထားသည်။

ဂျပန် ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ အစ္စရေးနိုင်ငံတွင် ဂျပန်နိုင်ငံသား ၁၀၀၀ ခန့်ရှိနေပြီး အီရန်နိုင်ငံ၌ ၂၈၀ ခန့်ရှိနေသည်။

ဂျပန်နိုင်ငံသားများကို ခေါ်ထုတ်ရာ၌ အစ္စရေးနှင့် အီရန်တို့၏ အိမ်နီးချင်းနိုင်ငံများသို့ ဘတ်စ်ကားများဖြင့် ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာ ဂျပန်သံရုံးများက စီစဉ်နေကြောင်း ဂျပန်အစိုးရ အတွင်းဝန်ချုပ်က ပြောကြားထားသည်။

အစ္စရေးနှင့် အီရန်တို့ရှိ နိုင်ငံသားများအားခေါ်ထုတ်မှုကို ယနေ့မှာပင် ဂျပန်အစိုးရက စတင်ဖွယ်ရှိသည်။

အစ္စရေးနှင့် အီရန်တို့ကြား ပဋိပက္ခမှာ ယနေ့တွင် ခုနစ်ရက်တာအတွင်း ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ပရောဂျက်ကွိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ လွှတ်တင်ရေးအစီအစဉ်ကို အက်တလပ်စ်-၅ ဒုံးပျံယာဉ် ပြဿနာတစ်ရပ်ကြောင့် ဆိုင်းငံ့ထားရ



**ဝါရှင်တန် ဇွန် ၁၉**

Amazon ကုမ္ပဏီ၏ ပရောဂျက်ကွိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ လွှတ်တင်ရေးအစီအစဉ်ကို အက်တလပ်စ်-၅ ဒုံးပျံယာဉ် ပြဿနာတစ်ရပ်ကြောင့် ဆိုင်းငံ့ထားရကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

မူလက ပရောဂျက်ကွိုပါ ကွန်ရက် ဒုတိယအသုတ် ဂြိုဟ်တု ၂၇ စင်းကို ဇွန် ၁၇ ရက်တွင် United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် အက်တလပ်စ်-၅ ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် ပရောဂျက်ကွိုပါ ဂြိုဟ်တု ၂၂ စင်း လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရကြောင်း United Launch Alliance ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ပရောဂျက် ကွိုပါဂြိုဟ်တုများ ဒုတိယအသုတ် လွှတ်တင်ရန် ထပ်မံ ကြိုးပမ်းမည့်အချိန်ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

United Launch Alliance ကုမ္ပဏီသည် ပထမအသုတ်ပရောဂျက်ကွိုပါဂြိုဟ်တု ၂၇ စင်းကို ယခုနှစ် ဧပြီ ၂၈ ရက်တွင် လွှတ်တင်ပေးခဲ့ပြီးဖြစ်သည်။

Amazon ကုမ္ပဏီသည် ၎င်း၏ ပရောဂျက်ကွိုပါဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်းပေါင်း ၃၂၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၆ စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၆ စင်းကို ဇွန် ၁၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၆ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ရှစ်မိနစ်ခွဲခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့တတိယအကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။



ဇွန် ၁၇ ရက်မစ်ရှင် အောင်မြင်မှုကြောင့် Space-X ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ လုပ်ငန်းလည်ပတ်ဆဲ စတားလင့်ခ်ဂြိုဟ်တုအရေအတွက်မှာ အစင်း ၇၇၆၀ ထိရှိလာပြီဖြစ်သည်။

Space-X ကုမ္ပဏီသည် ဇွန် ၁၃ ရက်ကလည်း စတားလင့်ခ်ဂြိုဟ်တုသစ်များကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လကမ္ဘာနှင့်ကမ္ဘာပတ်လမ်းမစ်ရှင်များအတွက် ရည်ရွယ်တည်ဆောက်ထားသော မျိုးဆက်သစ်အာကာသလူသယ်ယာဉ် အရေးပေါ်တွန်းထုတ်မှုစနစ်ကို စမ်းသပ်ခဲ့

**ပေကျင်း ဇွန် ၁၉**

လကမ္ဘာနှင့်ကမ္ဘာပတ်လမ်းမစ်ရှင်များအတွက် ရည်ရွယ်တည်ဆောက်ထားသော မျိုးဆက်သစ်အာကာသလူသယ်ယာဉ်၏အရေးပေါ်တွန်းထုတ်မှုစနစ်ကို အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း ဇွန် ၁၈ ရက်သတင်းများအရ သိရသည်။

မင်ကျိုးအမည်ရှိ မျိုးဆက်သစ် အာကာသ လူသယ်ယာဉ်သည်



အရေးပေါ် တွန်းထုတ်မှုစနစ်ကို ဂိုဘီသဲကန္တာရ ချိကွမ်းဂြိုဟ်တု လွှတ်တင်ရေးစခန်း၌ ဇွန် ၁၇ ရက်တွင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုအတွင်း မင်ကျိုး အာကာသလူသယ်ယာဉ်၏အရေးပေါ်တွန်းထုတ်မှုစနစ် ဒုံးအင်ဂျင်များသည်အာကာသလူသယ်ယာဉ်ကို မြေပြင်ပေါ်မှ တွန်းထုတ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက်စက္ကန့် ၂၀ အကြာတွင်ကြိုတင် သတ်မှတ်ထားသည့် အမြင့်ပေသို့ရောက်ရှိခဲ့ပြီးနောက် မင်ကျိုး အာကာသလူသယ်ယာဉ်သည် လေထီးများအကူအညီဖြင့် မြေပြင်သို့အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အရေးပေါ်တွန်းထုတ်မှုစနစ်သည် ဒုံးပစ်စင်၌ အရေးပေါ်အခြေအနေဖြစ်ပွားခဲ့ပါက အာကာသလူသယ်ယာဉ်ပေါ်ရှိ ယာဉ်မှူးများ၏ အသက်ကို ကယ်တင်ရန် ဖန်တီးထားသောစနစ်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် မင်ကျိုးအာကာသလူသယ်ယာဉ်၏ ပျံသန်းစဉ်ကာလ အရေးပေါ်အသက်ကယ်စနစ်ကိုလည်း ယခုနှစ်အတွင်း စမ်းသပ်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အယ်လ်ကိုဟောပါဝင်မှုမရှိသည့် ဘီယာများ သောက်သုံးမှုကြောင့် ဆီးချိုဖြစ်နိုင်ခြေမြင့်လာနိုင်

**နယူးယောက် ဇွန် ၁၉**

အယ်လ်ကိုဟောပါဝင်ခြင်းမရှိသည့် ဘီယာများသောက်သုံးမှုကြောင့် ဆီးချိုရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၁၈ ရက်တွင် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နှင့် ဂျာမနီသိပ္ပံပညာရှင်များ၏အဆိုအရ အယ်လ်ကိုဟော ပါဝင်ခြင်းမရှိသည့် ဘီယာကို တစ်ရက်လျှင် နှစ်ဘူးထိ သောက်သုံးပါက သွေးတွင်းသကြားဓာတ်ပါဝင်မှုအဆင့် မြင့်တက်လာတတ်ပြီး ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် အယ်လ်ကိုဟောပါဝင်ခြင်းမရှိသော ဘီယာများကြောင့် နှလုံးရောဂါနှင့်ဆက်စပ်နေသော ကိုယ်တွင်းအဆီဓာတ်များဖြစ်ကြသည့် ကိုလက်စထရောနှင့် ထရိုင်ဂလီဆားရိုက်တို့ သွေးအတွင်းပါဝင်မှုအဆင့် မြင့်တက်လာနိုင်ကြောင်းလည်း သိရသည်။

ထိုနည်းတူ အယ်လ်ကိုဟောပါဝင်မှုမရှိသည့် ဘီယာများမှာ ကယ်လိုရီပါဝင်မှုအဆင့် မြင့်မားနေသည်ဖြစ်ရာ ၎င်းဘီယာအမျိုးအစားများကြောင့် အဝလွန်နိုင်ခြေမြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဂျာမနီနှင့်အမေရိကန်သုတေသနပညာရှင်များသည် အယ်လ်ကိုဟောပါဝင်မှုမရှိသည့် ဘီယာများ ပုံမှန်သောက်သုံးသည့် လူငယ်အမျိုးသား ၄၄ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လူမှုရေးအရ အထီးကျန်မှုပြဿနာနှင့်အရွယ်မတိုင်မီ သေဆုံးရနိုင်ခြေတို့ကြား ဆက်စပ်မှုမရှိဟုဆို

**နယူးယောက် ဇွန် ၁၉**

လူမှုရေးအရ အထီးကျန်မှုပြဿနာမှာ အများပြည်သူကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သော်လည်း ၎င်းပြဿနာနှင့် အရွယ်မတိုင်မီသေဆုံးရနိုင်ခြေတို့ကြား ဆက်စပ်မှုမရှိကြောင်း ဇွန် ၁၈ ရက်သတင်းများအရ သိရသည်။

လူမှုရေးအရ အထီးကျန်မှုပြဿနာသည် နှလုံးရောဂါ၊ စိတ်ကျဝေဒနာ၊ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) စသည့်ရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာမှုများနှင့်ဆက်စပ်နေကြောင်း ဆေးပညာရှင်များက ပြောကြားထားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဝါတာလူးတက္ကသိုလ်မှသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူမှုရေးအရ အထီးကျန်မှုသည် ကျန်းမာရေးအတွက် ဆိုးကျိုးရှိသော်လည်း ဆုံးပါးချိန်မတန်ဘဲ ဆုံးပါးနိုင်ခြေမြင့်တက်လာမှုနှင့်ပတ်သက်၍ ဆက်စပ်မှုမရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်း ၃၈၀၀၀၀ ကျော်ကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ၎င်းတို့၏လေ့လာတွေ့ရှိချက်အရ လူမှုရေးအရ အထီးကျန်မှုပြဿနာသည် သက်ကြီးပိုင်းများ၏ စိတ်ကျန်းမာရေးအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်နေသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပါချူကာအသင်းနှင့်ပွဲစဉ်ကို အမ်ဘက်ပီလွဲချော်နိုင်ဟု နည်းပြအလွန်ဆိုပြောကြား

**မက်ဒရစ် ဇွန် ၁၉**

ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် တိုက်စစ်မှူး အမ်ဘက်ပီသည် အဖျားရောဂါကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့သည့်အပြင် လက်ရှိအချိန်ထိလည်း အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိသဖြင့် ပါချူကာအသင်းနှင့် ကစားရမည့်ပွဲစဉ်ကိုလည်း လွဲချော်နိုင်ကြောင်းနည်းပြ အလွန်ဆိုက ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး အမ်ဘက်ပီသည် အဖွင့်ပွဲစဉ်အဖြစ် အယ်ဟိုင်လာအသင်းနှင့် ကစားရမည့် ပွဲစဉ်မတိုင်မီကတည်းက အဖျားဝေဒနာကြောင့် လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ အယ်ဟိုင်လာအသင်းနှင့် ပွဲစဉ်ကို လွဲချော်ခဲ့ပြီး အသင်းအနေဖြင့်လည်း တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

နည်းပြအလွန်ဆိုက "အသင်းအနေနဲ့ အမ်ဘက်ပီရဲ့ အခြေအနေကို စောင့်ကြည့်နေပါတယ်။ လာမဲ့ ဇွန် ၂၃ ရက်မှာ ပါချူကာအသင်းနဲ့ ကစားရမှာဖြစ်ပေမဲ့ ကျန်းမာရေးအခြေအနေက ဆက်လက်စောင့်ဆိုင်းနေရဆဲပါ။ ပြိုင်ပွဲမတိုင်မီမှာ အမ်ဘက်ပီနဲ့ ပတ်သက်လို့ အတည်ပြု ထုတ်ပြန်မှာပါ"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အယ်ဟိုင်လာအသင်းနှင့် ပွဲစဉ်တွင် အမ်ဘက်ပီမပါနိုင်သည့် တိုက်စစ်တွင် အဆုံးသတ်ပိုင်းလိုအပ်ချက်များ ရှိနေခဲ့သဖြင့် ပွဲကစားချိန် ၃၄ မိနစ်တွင် ဂါစီယာ ဦးဆောင်ဂိုး ရရှိခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် အယ်ဟိုင်လာအသင်း ကစားသမား နီဗက်စ်က ချေပဂိုးသွင်းယူနိုင်ခဲ့ရာ ပထမပိုင်း တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ဒုတိယပိုင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ဆက်တိုက် ပြုလုပ်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ် အားနည်းမှုများရှိခဲ့ပြီး နာကျင်အချိန်ပို မိနစ် ၉၀ တွင် ပင်နယ်တီကန်သွင်းခွင့်ရခဲ့သော်လည်း အယ်ဟိုင်လာဂိုးသမား ဘိုနို ကာကွယ်မှုပြုလုပ်ခဲ့သောကြောင့် သရေရလဒ်သာ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML



# အာဆင်နယ်အသင်းက လီဝှစ်စကယ်လီနှင့် နဝမ်နာရီတို့ကို ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ




**လန်ဒန် ဇွန် ၁၉**

အာဆင်နယ် အသင်းက အသင်းမှ လူငယ်ကစားသမား နှစ်ဦးဖြစ်သည့် လီဝှစ်စကယ်လီနှင့် နဝမ်နာရီတို့ကို ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အတွက် သဘောတူညီမှုရရှိထားပြီး မကြာမီ အတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်သာ ရှိသေးသည့် လီဝှစ်စကယ်လီသည် အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် အသင်း၌ စီနီယာကစားသမားများ ဒဏ်ရာရရှိနေချိန်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပွဲစဉ်တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

လီဝှစ်စကယ်လီသည် အသင်းဗဟိုခံစစ်၊ တောင်ပံခံစစ်တို့တွင်သာမက ကွင်းလယ်အဖျက်ပိုင်းတွင်လည်း အကောင်းဆုံးကစားနိုင်သူဖြစ်သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းကပင် ခေါ်ယူရန် ပစ်မှတ်ထားနေသောကြောင့် အာဆင်နယ်အသင်းက ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီး အသင်းတွင် ရေရှည်ထိန်းသိမ်းသွားမည်ဖြစ်သည်။

အလားတူ ၂၂ နှစ်ရှိ နဝမ်နာရီသည်လည်း လီဝှစ်စကယ်လီကဲ့သို့ပင် အာဆင်နယ်အသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်က အသင်းကြီးတွင် စတင်ပူးပေါင်းခွင့်ရရှိခဲ့ကာ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည့်အတွက် အာဆင်နယ်အသင်းက အသင်းအနာဂတ်စီမံကိန်းတွင် ထည့်သွင်းထားသောကြောင့် လီဝှစ်စကယ်လီနှင့်အတူ အသင်းတွင် ကာလရှည်စာချုပ်ချုပ်ဆိုကာ ထိန်းသိမ်းသွားမည်ဖြစ်ပြီး မကြာမီအပြီးသတ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# KPMG Women's PGA Championship ချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဂေါက်သီးရိုက်မယ် အေမီယန်ပြောကြား

**တက္ကဆက် ဇွန် ၁၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပသွားမည့် KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် အေမီယန်က ယနေ့တွင် ပြောကြားခဲ့သည်။

အေမီယန်သည် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံအားကာကွယ်နိုင်ရေးကိုလည်း ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်က ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့စဉ်က အတွေ့အကြုံကိုအသုံးချကာ အကောင်းဆုံးပြင်ဆင်ထားကြောင်းလည်း အေမီယန်က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်းအောင်မြင်မှုရယူထားနိုင်ခြင်းမရှိသေးသည့် အေမီယန်အနေဖြင့် ယခုနှစ်ရာသီအတွက်ပထမဆုံးသောချန်ပီယံဆုအပြင် လက်ရှိချန်ပီယံကိုပါ ကာကွယ်ခွင့်ရမည့် အခွင့်အရေးဖြစ်ကြောင်း ပြောကြားခဲ့သော်လည်းပုံစံကောင်းရရှိရန် ရုန်းကန်နေရခြင်းကြောင့် လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရေးအတွက် ယုံကြည်မှု အားနည်းနေကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

အေမီယန်က "ကျွန်မအနေနဲ့ KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ မတိုင်မီ အဓိကပြိုင်ပွဲတွေမှာ ချန်ပီယံဆုတွေကို ဆွတ်ခူးနိုင်ဖို့အတွက် တော်တော်လေးကို နီးစပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့လဲ အဓိကဆုဖလားတွေနဲ့ ကပ်လွဲခဲ့တာ အကြိမ်ပေါင်းမနည်းခဲ့ဘူး။ KPMG Women's PGA Championship ဂေါက်သီးရိုက် ပြိုင်ပွဲမှာတော့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တယ်။ အခုဒီပြိုင်ပွဲကို လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတော့မယ်။ မနှစ်က အတွေ့အကြုံ ကောင်းတွေကို အကောင်းဆုံးအသုံးချပြီး လက်ရှိချန်ပီယံကို ကာကွယ်နိုင်အောင် ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# တိုက်စစ်မှူး အစ်ဆက်ကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် အသင့်ရှိကြောင်း နည်းပြအာနီစလော့ပြောကြား

**လန်ဒန် ဇွန် ၁၉**

လီဗာပူးအသင်းနည်းပြ အာနီစလော့သည် လေဗာကူဆင်အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ဖလိုရီယန်ဝစ်ကို စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီးနောက် နယူးကာဆယ်အသင်း တိုက်စစ်မှူး အစ်ဆက်ကိုလည်း စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ထပ်မံခေါ်ယူရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် လက်ရှိနွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမှုများ ပြုလုပ်လျက်ရှိရာ လေဗာကူဆင်အသင်းမှ ခံစစ်ကစားသမား ဖရင်ပေါင်နှင့် တောင်ပံတိုက်စစ်ကစားသမား ဖလိုရီယန်ဝစ်တို့ကို ခေါ်ယူခဲ့သည့်အပြင် နယူးကာ ဆယ်အသင်းတိုက်စစ်မှူး အစ်ဆက်ကိုလည်း စတာလင်ပေါင်သန်း ၁၀၀ ကျော်ဖြင့် ကမ်းလှမ်းခဲ့ရာ နယူးကာဆယ်အသင်း တာဝန်ရှိသူများက ကစားသမားအတွက် စတာလင်ပေါင် သန်း ၁၂၀ ထိ အလိုရှိနေကြောင်း သိရသည်။

သို့သော် နည်းပြစလော့က အစ်ဆက်ကိုခေါ်ယူရန် လက်မလျှော့သေးဘဲ ကစားသမားအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ အပြင် အပိုဆုကြေးပါ ပေးချေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် အသင့်ရှိသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး အစ်ဆက်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နယူးကာဆယ် အသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၂၇ ဂိုး သွင်းယူနိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၂၃ ဂိုး ရရှိခဲ့သောကြောင့် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီတွင် တိုက်စစ်မှူးဟောင်း အလန်ရှီးယားသွင်းယူထားသည့် တစ်ရာသီ ဂိုးသွင်းအများဆုံးစံချိန်ကို လိုက်မီခဲ့သဖြင့် ထိပ်သီးအသင်းများက ၎င်းကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းမှ အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူး ဂျာအိုပက်ထရိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီးနောက် ကစားသမားနှင့် ကနဦးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- စပါးအသင်းက လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တောင်ပံတိုက်စစ်ကစားသမား ကူဒက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းမှ ထွက်ခွာလိုသည့် တောင်ပံကစားသမား ဆန်ချိုက နာပိုလီအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားခဲ့ပြီးနောက် လုပ်ခလစာလျှော့ယူ၍ နာပိုလီအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။
- ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် အက်ဖ်အေ၏စွဲချက်တင်ခံရသည့် ချဲလ်ဆီးအသင်းကစားသမား မူဒရစ်သည် ပြစ်မှုထင်ရှားခဲ့သဖြင့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း သိရသည်။ ML

# နေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ဒဂုံစတားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူး ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လှော်ကျင်ရေးကွင်း-၁၌ ဒဂုံစတားအသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် မင်းခန့်ကျော်၊ ပွဲချိန် ၃၅ မိနစ်နှင့် ၈၉ မိနစ်တို့တွင် ဖိုးသောကြာတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒမ္မာ အားကစားကွင်းတွင် ရာမညယူနိုက်တက် အသင်းနှင့် Falcon အသင်းတို့ ကစားခဲ့ရာ ရာမညယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်နှင့် ၄၈ မိနစ်တွင် စောထူးဝေလရန်အောင်က သွင်းယူပေးနိုင်ခဲ့ပြီး Falcon အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် ညီညီသန့်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA

# Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဇီရက်ဖ်တက်ရောက်

ဟောဇွန် ၁၉

ဂျာမနီနိုင်ငံ ဟောမြို့တွင် ကျင်းပနေသည့် Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်နေသည့် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်သည် အမေရိကန်တင်းနစ်ကစားသမား ဂီရွန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဇီရက်ဖ်က (၆-၂၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီရက်ဖ်သည် စွမ်းဆောင်ရည်ကောင်းများ ပြသသွားနိုင်ခဲ့သလို ပြတ်သားသည့် ရလဒ်များဖြင့် ဂီရွန်အား အနိုင်ရသွားခဲ့ခြင်း ဖြစ်သည်။

ဇီရက်ဖ်က "ကျွန်တော့်အတွက် ဂျာမနီမြေမှာ အခုလိုကစားပြနိုင်ခဲ့တာကို ဝမ်းသာတယ်။ အခုလို ဂျာမနီပရိသတ်တွေ ရှေ့မှောက်အကောင်းဆုံး ကစားပြနိုင်ခဲ့တာကိုလဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ပွဲကစားနေစဉ်မှာတော့ ကံမကောင်းစွာနဲ့ ပရိသတ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားတာ စိတ်မကောင်းစရာပါပဲ"ဟု ပြောကြားခဲ့သည်။

ပွဲကစားနေစဉ် ပထမပွဲငယ်၌ အသက် ၆၂ နှစ်အရွယ် အမျိုးသမီးပရိသတ်တစ်ဦး ကြော်ငြာသင်ပုန်းမတော်တဆပြုတ်ကျမှုထိမှန်ခဲ့ပြီး ပွဲကစားမှုကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။

ဇီရက်ဖ်သည်လည်း ဒဏ်ရာရရှိသွားခဲ့သည့် အဆိုပါအမျိုးသမီးထံသို့ပြေးသွားကာ ထိခိုက်နာကျင်သွားခဲ့သည့်နေရာအား ရေခဲထုပ်ဖြင့် ကပ်ပေးခဲ့သည်။

ပြိုင်ပွဲကျင်းပလာခဲ့သည့် ၃၂ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့သော မတော်တဆဖြစ်စဉ်ကြောင့်လည်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထိခိုက်ဒဏ်ရာရရှိသူနှင့် မိသားစုဝင်များအား တောင်းပန်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့သည့် ဘိုကာဂျူနီယာကစားသမားများကို လေးပွဲပယ်ပြစ်ဒဏ်ချမှတ်

ဇူးရစ်ချ် ဇွန် ၁၉

ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(C)အဖွင့်ပွဲစဉ်အဖြစ် အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းနှင့် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းတို့ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း ဘိုကာဂျူနီယာအသင်းမှ ကစားသမားနှစ်ဦးသည် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည့်ဖြစ်စဉ်တွင် ကွင်းလယ်ဒိုင်ကို စောဒကတက်မှုများကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘိုကာဂျူနီယာအသင်းသည် ဘင်ဖီကာအသင်း၏ ဖိအားပေးမှုများကို ခံရသော်လည်း တန်ပြန်တိုက်စစ်ကစားပုံကောင်းမွန်မှုကြောင့် ရရှိလာသည့် အပိုင်အနိုင်အရေးများကို အသုံးချနိုင်ခဲ့ရာ ပွဲချိန် ၂၁ မိနစ်နှင့် ပွဲချိန် ၂၇ မိနစ်တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၂၀ တွင် တံကောက်ကြောဒဏ်ရာကြောင့် လူစားလဲခဲ့ရသည့် အန်ဒါဟာရဲရားသည် နာကျင်ချိန်ပိုတွင် ပင်နယ်တီခွင့်ပြုပေးရသည်ကို မကျေနပ်၍ ကွင်းလယ်ဒိုင် စီဆာရာမိုစ်ကို ကွင်းပြင်ပမှ စောဒကတက်မှုများပြုလုပ်ခဲ့သဖြင့် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရပြီးနောက် နာကျင်အချိန်ပိုတွင် ဒီမာရီယာက ပင်နယ်တီမှ ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်များတွင် ချေပဂိုးရရှိရေး ကြိုးပမ်းလာသည့် ဘင်ဖီကာအသင်းကြောင့် ဘိုကာဂျူနီယာအသင်း ထိန်းချုပ်ရကစ်ခဲနေသော်လည်း ပွဲချိန် မိနစ် ၇၀ တွင် ဘင်ဖီကာတိုက်စစ်မှူး ဘယ်လော့တီက ပြိုင်ဘက်ကစားသမား ကော်စတာအပေါ် ကြမ်းတမ်းစွာကစားခဲ့သဖြင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ဘိုကာဂျူနီယာအသင်းက တစ်ယောက်အသာဖြင့် ကစားနေရသော်လည်း ပွဲချိန် ၈၄ မိနစ်တွင် အော့တမန်ဒီ၏ ချေပဂိုးကြောင့် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဘင်ဖီကာအသင်းက ဆက်တိုက်ဖိအားပေးမှုများပြုလုပ်နိုင်ခဲ့သဖြင့် ဘိုကာဂျူနီယာအသင်း ခံစစ်ကစားပုံနှင့်သာ ရင်ဆိုင်နေရချိန်တွင် ပွဲချိန် ၈၈ မိနစ်တွင် ခံစစ်ကစားသမား ဖီဂယ်က ပြိုင်ဘက်ကစားသမား လူးဝစ်ကို ကြမ်းတမ်းစွာကစားခဲ့ရာ အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် ကွင်းလယ်ဒိုင်ကို မကျေနပ်သည့်အပြုအမူများ ပြုလုပ်ခဲ့သောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အန်ဒါဟာရဲရားနှင့် ဖီဂယ်တို့နှစ်ဦးစလုံးကို လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# လိုက်ပ်ဇစ်အသင်းက ဆိုင်မွန်ကို အပြီးသတ်ရောင်းချရန်ဆုံးဖြတ်

ဘာလင် ဇွန် ၁၉

လိုက်ပ်ဇစ်အသင်းက အသင်းမှ ထွက်ခွာခွင့်တောင်းဆိုထားသည့် တိုက်စစ်ကစားသမား ဆိုင်မွန်ကို လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အပြီးသတ် ရောင်းချရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဆိုင်မွန်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ လိုက်ပ်ဇစ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၅ ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပ်ဇစ်အသင်းထံ အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ပြန်လည်ထွက်ခွာရန် အတွက် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

လိုက်ပ်ဇစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အဆင့်(၇)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး ဥရောပအဆင့်ပြိုင်ပွဲများ ကစားခွင့်နှင့် လွဲချော်ခဲ့သည့်အတွက် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်း ကစားသမားအချို့ကို မြင့်မားသည့် ပြောင်းရွှေ့ကြေးများဖြင့် ရောင်းချပြီး အသင်းဝင်ငွေရရှိရန် ကြိုးပမ်းသွားဖွယ်ရှိနေသည့်အတွက် ဆိုင်မွန်ကိုလည်း သင့်တော်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပိုလန်အသင်းက လစ်လပ်နေသည့် နည်းပြရာထူးအတွက် အင်္ဂလန်အသင်းနည်းပြဟောင်း ဆောက်ဂိတ်ကို ခန့်အပ်ရန်ကြိုးပမ်း

ဝါဆော ဇွန် ၁၉

ပိုလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် ပိုလန်အသင်း နည်းပြသစ်ရာထူးအတွက် အင်္ဂလန်အသင်း နည်းပြဟောင်း ဆောက်ဂိတ်ကို ခန့်အပ်ရန်အတွက် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။



ပိုလန်အသင်းနည်းပြ ပရိဘီယာ့ဇ်က အသင်းခေါင်းဆောင်ရာထူးအပြောင်းအလဲ လုပ်ဆောင်ခဲ့ပြီးနောက် ဝါရင့်ကစားသမား လီဝမ်ဒေါ့စကီးနှင့် ဆက်ဆံရေး တင်းမာမှုများ ဖြစ်ပွားခဲ့ကာ လီဝမ်ဒေါ့စကီးက ပိုလန်အသင်းကို နည်းပြပရိဘီယာ့ဇ် တာဝန်ယူကိုင်တွယ်သည့် ကာလတစ်လျှောက် ပိုလန်အသင်းအတွက် ကစားပေးမည်မဟုတ်ဟု ပြောကြားခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင်ပင် နည်းပြပရိဘီယာ့ဇ်က ပိုလန်အသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ယူရိုပြိုင်ပွဲတွင် ဗိုလ်လုပွဲနှစ်ကြိမ်တက်ရောက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း နှစ်ကြိမ်စလုံး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကာ ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် အသင်းမှ ထွက်ခွာခဲ့ပြီး လက်ရှိအချိန်ထိ မည်သည့်အသင်းမျှ တာဝန်ယူကိုင်တွယ်ခြင်းမရှိသေးကြောင်း သိရသည်။

ပိုလန်အသင်းက နည်းပြ ပရိဘီယာ့ဇ် ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြ ရာထူးအတွက် နည်းပြဆောက်ဂိတ်ကိုခေါ်ယူရန် စတင် ကြိုးပမ်းနေခြင်းဖြစ်ပြီး နည်းပြဆောက်ဂိတ် ကိုယ်တိုင်ကလည်း ပိုလန်အသင်းကို တာဝန်ယူကိုင်တွယ်လိုနေသည့် အတွက် ပိုလန်အသင်းနည်းပြအဖြစ် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ရန် နီးစပ်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# အမုန်းမြစ် ရုပ်သံဇာတ်လမ်းတွဲ Fan Meeting ပွဲ ပြုလုပ်မည်




ရန်ကုန် ဇွန် ၁၉

HEY Play Application ၊ HEY Play You Tube Channel နှင့် MRTV-4 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြီးဖြစ်သည့် အမုန်းမြစ် ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်များနှင့် ပရိသတ်များတွေ့ဆုံပွဲ (Fan Meeting) ကို ဇွန် ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သရုပ်ဆောင် ဝင့်ယမုံနိုင်က ပြောပြ၍ သိရသည်။

အမုန်းမြစ် ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်များနှင့် ပရိသတ်များ တွေ့ဆုံပွဲ (Fan Meeting) ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ KANTHAR-YAR Shopping Centre ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာက မထင်မှတ်လောက်အောင် ပရိသတ်တွေရဲ့ လက်ခံမှုကိုရရှိထားတဲ့ ဇာတ်လမ်းတွဲဖြစ်တာကြောင့် ဒီဇာတ်လမ်းတွဲထဲမှာ ပါဝင်ထားတဲ့ သရုပ်ဆောင်တွေနဲ့ သရုပ်ဆောင်တစ်ယောက်ချင်းစီကို အားပေးခဲ့ကြတဲ့ ပရိသတ်တွေ တွေ့ဆုံကြမဲ့ ပွဲဖြစ်ပါတယ်။ အခုလာမဲ့ ဇွန် ၂၂ ရက်နေ့မှာ အမုန်းမြစ် ဇာတ်လမ်းတွဲမှာပါဝင်ထားတဲ့ အနုပညာရှင်တွေနဲ့တွေ့ဆုံပြီး ပရိသတ်တွေ အမှတ်တရဓာတ်ပုံလေးတွေ ရိုက်ကြမယ်။ ပျော်ရွှင်စရာအမှတ်တရဖြစ်မဲ့ အစီအစဉ်တွေလဲရှိတယ်။ တက်ရောက်လာတဲ့ အနုပညာရှင်တွေကလဲ FAN Sign လေးတွေ အမှတ်တရရေးထိုးပေးအုံးမှာဆိုတော့ KANTHARYAR Shopping Centre ကို မွန်းလွဲ ၂ နာရီအရောက် လာခဲ့ဖို့ဖိတ်ခေါ်ပါတယ်"ဟု သရုပ်ဆောင်ဝင့်ယမုံနိုင်က ပြောပြသည်။

အမုန်းမြစ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသဉ္ဇာကျော်၊ အိုင်းရစ်၊ မောင်ပြုံး၊ မောင်ကောင်းနှင့် နွေးနွေးမောင်တို့က ရေးသားထားပြီး ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)က ရိုက်ကူးထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချာလီ၊ ဇင်မျိုး၊ နေ့သစ်အေးအောင်၊ ပိုင်အုပ်စိုးအောင်၊ သိန်းလင်းစိုး၊ တေဇာကျော်၊ မင်းခန့်ကို၊ ဇော်ဦး၊ ဒေါင်းဝေ၊ မြတ်ကေသီအောင်၊ ဝင့်ယမုံနိုင်၊ ဆုထက်လှိုင်၊ မေသင်းကို၊ နှင်းအိဝင့်ဝါနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Dune-3 ဇာတ်ကား၌ နာကိုဝါဝုမိုမိုအာနှင့် အီဒါဘာရော့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်

နယူးယောက် ဇွန် ၁၉

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Dune-3 ဇာတ်ကားတွင် မင်းသား နာကိုဝါဝုမိုမိုအာနှင့် မင်းသမီး အီဒါဘာရော့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

နာကိုဝါဝုမိုမိုအာသည် ကမ္ဘာကျော် အက်ရှင်မင်းသား ဂျေဆင်မိုမိုအာ၏သားဖြစ်ပြီး Dune-3 ဇာတ်ကားမှာ ၎င်း၏ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Dune-3 ဇာတ်ကားတွင် နာကိုဝါဝုမိုမိုအာနှင့် အီဒါဘာရော့တို့သည် မင်းသား တင်မိုသီချာမက်၊ မင်းသမီး ဇန်ဒါယာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ပြင် Dune-3 ဇာတ်ကား၌ မင်းသား ရောဘတ်ပတ်တင်ဆန်လည်း ပါဝင်ဖွယ်ရှိသည်။

လက်ရှိတွင် မင်းသား ရောဘတ်ပတ်တင်ဆန်သည် Dune-3 ဇာတ်ကား၌ အဓိကဗီလိန်ဇာတ်ကောင်အဖြစ် ပါဝင်နိုင်ဖွယ်ရှိပြီး လက်ရှိတွင် ဝါနာဘရားသားနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Dune-3 ဇာတ်ကားကို ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ကပင် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai live Show တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်The Heart of Rangoon-THOR ၌ ပြုလုပ်မည်ဖြစ်

ရန်ကုန် ဇွန် ၁၉

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai live Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon- THOR ၌ ဇွန် ၂၄ ရက် ညတွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai live Show တေးဂီတဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၏ ဖျော်ဖြေသီဆိုမှုကို Mercury IX Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်နဲ့ မန္တလေးမှာတော့ 




ဒီရက်ပိုင်းတွေမှာ live Show ပွဲတွေ ဆက်တိုက်နီးပါး စီစဉ်ထားပါတယ်။ သဘာဝဘေးကြောင့် ဖျက်လိုက်ရတဲ့ ဖျော်ဖြေပွဲတွေကို ခပ်စိပ်စိပ်လေး စီစဉ်ထားတဲ့အတွက် မျှော်နေသူတွေ ကျေနပ်မယ်လို့လဲ ထင်ပါတယ်။ ဒီပွဲလေးကိုလဲ လာရောက်အားပေးကြပါအုံး"ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai live Show တေးဂီတဖျော်ဖြေပွဲကို The Heart of Ran-goon- THOR တွင် ဇွန် ၂၄ ရက် ည ၆ နာရီ မိနစ် ၃၀ တွင် စတင်မည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

ASH

# Amazon ၏ မီးသတ်သမားများဘဝ နောက်ခံဇာတ်ကားသစ်၌ ဂလန်းပိုဝဲပါဝင်မည်

နယူးယောက် ဇွန် ၁၉

Amazon MGM စတူဒီယို၏ မီးသတ်သမားများဘဝ နောက်ခံရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂလန်းပိုဝဲ ပါဝင်မည်ဖြစ်ကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂွန်ဟိုးဝပ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ္စတီးနားဟော့ဆန်က ရေးသားပေးထားသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် လက်ရွေးစင် မီးသတ်သမား ငယ်သူငယ်ချင်းနှစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ တရားဝင် ဇာတ်ကားနာမည်ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

မင်းသား ဂလန်းပိုဝဲသည် Paramount ရုပ်ရှင်ကုမ္ပဏီ၏ The Running Man ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားသည်။

လက်ရှိတွင် မီးသတ်သမားများဘဝနောက်ခံဇာတ်ကားသစ် ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ကျေးညီနောင် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၂ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးမည်

ရန်ကုန် ဇွန် ၁၉

ကျေးညီနောင် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အားသစ်က ပြောပြ၍ သိရသည်။

ကျေးညီနောင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို နွေးနွေး (ဆေးတက္ကသိုလ်)က ရေးဖွဲ့ထားကာ ဒါရိုက်တာ ရွှေပြည်ကတုံးက ဇာတ်ညွှန်း ရေးသားပြီး ဒါရိုက်တာ ရွှေပြည်ကတုံးကပင် ရွှေရတနာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၂၂ ခုနှစ် ဩဂုတ်လတုန်းက ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်တုန်းကလဲ ပရိသတ်အားပေးမှုရှိခဲ့ပါတယ်။ အဲဒီတုန်းက မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် SKYPRE-MIER HD ရုပ်သံလိုင်းက ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ငယ်ငယ်က ဖတ်ခဲ့ဖူးတဲ့ ကျေးညီနောင် ပုံပြင်ဇာတ်လမ်းလေးကို ပြန်ပြီးအမှတ်ရသွားစေမဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ခရီးတစ်ခုသွားရင်း ရထားပေါ်မှာ မထင်မှတ်ဘဲကွဲကွာသွားတဲ့ ညီအစ်ကိုနှစ်ယောက်မှာ အစ်ကိုက လူဆိုးဂိုဏ်းတစ်ခုကို ရောက်သွားပါတယ်။ ပျောက်သွားတဲ့ညီငယ်လေးကို လိုက်ရှာရင်း သူတို့ ညီအစ်ကိုနှစ်ယောက်သားဘာတွေကြုံရမှာလဲ။ ညီအစ်ကိုနှစ်ယောက်ရဲ့ ဇာတ်လမ်းကို ရင်ထဲနင့်နေအောင် ခံစားကြည့်ရှုရမဲ့ ရုပ်ရှင်ဇာတ်ကားကောင်းမို့ စောင့်မျှော်ကြည့်ရှု အားပေးစေချင်ပါတယ်"ဟု သရုပ်ဆောင် အားသစ်က ပြောပြသည်။

ကျေးညီနောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရဲအောင်၊ အားသစ်၊ ဖွဲ့နိုင်ဝင်း၊ မို့မို့မြင့်အောင်၊ ထွန်းအိန္ဒြာဗို၊ စိုးပြည့်သဇင်၊ ဆောင်းယွန်းစံ၊ သန်းသန်းစိုး၊ သူဇာပွင့်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကားကိုဇွန် ၂၂ ရက် တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီတွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Htigyaing Township plans to grow over 40,000 acres of rain-fed rice


A monsoon paddy plantation in Htigyaing Township.

**Htigyaing June 19**

More than 40,000 acres of rain-fed rice will be planted in Htigyaing Township, Katha District, Sagaing Region during this year rain crops planting season, according to the Department of Agriculture for Htigyaing Township.

During the 2025-2026 rain crops planting season, Htigyaing Township is planning to plant 40,278 acres of rain-fed rice, and the rain-fed rice cultivation will begin from July to September this year.

"This year, Htigyaing Township is planning to plant more than 40,000 acres of rain-fed rice. We will work to ensure that the targeted acres are planted. We will provide the necessary technology and varieties for rain-fed rice cultivation. We will conduct field visits to help farmers to plant rain-fed rice on time," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

This year, the relevant Township Department of Agriculture and local farmers will work together to ensure that rain-fed rice cultivation is carried out without any difficulties during the rain crops planting season. 206

# Over 2,000 acres of pigeon pea cultivated in Chaung-U Township during this monsoon season

**Chaung-U June 19**

In Chaung-U Township, part of Monywa District in the Sagaing Region, more than 2,000 acres of pigeon pea have already been cultivated during this year's monsoon crop season, according to data from the Chaung-U Township Agriculture Department.

For the 2025-2026 monsoon season, Chaung-U Township had planned to cultivate 20,300 acres of pigeon pea. Planting began in May this year, and as of today, 2,673 acres have been successfully cultivated.

"This monsoon season, Chaung-U Township aimed to grow pigeon pea on over 20,000 acres. To date, more than 2,000 acres have already been planted," said U Tint Swe, the head of the Chaung-U Township Agriculture Department. "We are working to ensure the cultivation meets the targeted acreage while also focusing on improving yield. Farmers grow pigeon pea both as a standalone crop and as an intercrop."

This year, the township agriculture department has been providing on-field training to pigeon pea farmers on selecting high-quality seeds, proper cultivation techniques, pest control, and yield improvement.

Additionally, to reduce costs for farmers, the department is promoting a fertilizer blending technique using urea and potash. This method not only lowers cultivation expenses but also helps keep crops pest-free and enhances plant growth. 206


A pigeon pea plantation in Chaung-U Township.

# Authorities earmark cultivation of more than 5,000 acres of cotton in Budalin Township

**Budalin June 19**

The statistics of Budalin Township Agriculture Department stated that local authorities have earmarked cultivation of more than 5,000 acres of cotton this monsoon in Budalin Township of Sagaing Region.

For the 2025-2026 monsoon cropping season, it is reported that 5,264 acres of cotton are planned to be cultivated in Budalin Township, with planting taking place from June to September this year.

"The target for this year's monsoon crop season is to cultivate over 5,000 acres of cotton in Budalin Township. We are currently working to ensure planting within this month. To support cotton cultivation, we are distributing quality and pure cotton seeds to farmers in time for the growing season," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Budalin Township Agriculture Department is providing farmers with high-quality cotton seeds, organizing technical training sessions on effective cultivation methods to ensure successful crop yields, including pest and disease prevention and proper cultivation techniques to improve productivity. The department also plans to continue providing necessary technical support for the cotton farmers.

In terms of cost, it is reported that the average production cost per acre of cotton is around K350,000, with an expected yield of about 1,000 viss per acre.

Moreover, farmers can interplant cotton with early crops like onions and mixed cropping as pigeon pea, which allows for multiple crop yields from the same area and increases income.

Cotton is being successfully cultivated across 19 townships in Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers finish cultivation of monsoon paddy on more than 2,000 acres in Khamti Township

**Khamti June 19**

Local farmers have planted more than 2,000 acres of monsoon paddy in Khamti Township of Sagaing Region, according to the township Agriculture Department.

During the 2025–2026 monsoon cropping season, Khamti Township has set a target to cultivate 8,279 acres of monsoon paddy. Cultivation began in May of this year, and as of today, 2,486 acres have been planted.

Daw Su Su Khaing, Head of the Khamti Township Agriculture Department, stated:

"This year, over 8,000 acres of monsoon paddy are planned to be cultivated in Khamti Township. So far, more than 2,000 acres have already been planted, and cultivation is ongoing. Efforts are being made to achieve the full target acreage. Necessary technologies and quality seeds are being provided for monsoon paddy cultivation. Field-level support is also being given to ensure farmers can sow the crops on time."

It is reported that the township agriculture department and local farmers are working together to ensure systematic and uninterrupted cultivation of monsoon paddy during this season.

Farmers in Khamti Township are also receiving agricultural technical support, pest control awareness, guidance to prevent crop losses, and post-harvest advice to store the harvested paddy in time under shelter.

To ensure the success of monsoon paddy fields in Khamti Township this year and to achieve high yields, agricultural officers and staff are conducting on-site activities. These include promoting the use of quality and pure seeds, pest prevention, proper weeding and thinning, removal of mixed varieties, and the correct use of fertilizers.

206

# Over 7,000 acres of rainy season paddy cultivated in Naga Self-Administered Zone this year


Farmers seen planting monsoon paddy in a field.

**Naga June 19**

In the Naga Self-Administered Zone of Sagaing Region, more than 7,000 acres of monsoon paddy have been successfully cultivated during this year's monsoon crop season, according to data from the Sagaing Region Agriculture Department.

For the 2025-2026 monsoon season, the Naga Self-Administered Zone had planned to cultivate 25,400 acres of paddy. Planting began in May, and as of today, 7,693 acres have already been completed.

"This monsoon season, the Naga Self-Administered Zone aimed to cultivate 25,400 acres of paddy. So far, over 7,000 acres have been planted," said Dr. Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department. "We are providing farmers with the necessary techniques and quality seeds to ensure timely cultivation. Field teams are actively supporting farmers in the planting process."

The cultivation progress across townships shows Leshi Township with 754 acres, Sonmara Township with 214 acres, Lahe Township with 1,200 acres, Tanpakwe Township with 280 acres, Nanyun Township with 1,462 acres, Donhee Township with 2,455 acres, and Pansaung Township with 1,328 acres, bringing the total to 7,693 acres.

The township-wise targets for the 2025-2026 season include 3,330 acres in Leshi Township, 2,028 acres in Sonmara Township, 5,884 acres in Lahe Township, 1,511 acres in Tanpakwe Township, 2,556 acres in Nanyun Township, 4,909 acres in Donhee Township, and 5,182 acres in Pansaung Township, totaling 25,400 acres.

This year, local agriculture departments and farmers are collaborating to ensure smooth and systematic paddy cultivation. Farmers are being trained in modern agricultural techniques, pest control, and post-harvest storage to prevent crop losses and ensure timely yield collection.

Additionally, field officers are assisting farmers in selecting high-quality seeds, monitoring pest infestations, proper weeding, removing off-type plants, and the systematic use of fertilizers to enhance productivity. Efforts are being made to ensure successful yields and maximize production in the Naga Self-Administered Zone.

206

# Dabayin Township grows over 700 acres of rain-fed peanuts

**Dabayin June 19**

A total of 716 acres of peanuts have been planted in Dabayin Township, Ye-U District, Sagaing Region during this year's rainy season, according to the statistics of the Department of Agriculture for YeU District.

In the 2025-2026 rainy season, 36,140 acres of peanuts have been planted in Dabayin Township, and planting has begun since May this year, and 716 acres have been planted to date.

"This year's rainy season, we planned to plant more than 30,000 acres of peanuts in Dabayin Township. To date, 716 acres have been planted. We are working to plant more peanuts this month. We are also working to ensure that the targeted acres are planted. Oilseed crops are in a successful position. Peanut cultivation is increasing year by year," said U Zaw Myint Htun, head of the Department of Agriculture for YeU District.


A peanut plantation in Dabayin Township.

In Dabayin Township, one and a half baskets of peanuts are planted per acre, and the cost of seed, labour, fertilizer, and pesticides is over 200,000 kyats, and the yield per acre is over 50 baskets.

206

# Myaung Township grows over 900 acres of rain-fed green grams

**Myaung June 19**

A total of 975 acres of green grams have been planted in Myaung Township, Sagaing District, Sagaing Region during this year's rainy season, according to the statistics of the Department of Agriculture for Sagaing District.

In the 2025-2026 rainy season, Myaung Township has planned to plant 3,057 acres of green grams, and planting has begun since May this year, and 975 acres have been planted to date.

"We are working to ensure that the targeted acres of green grams are planted. We are also conducting field visits to provide necessary technologies, varieties, and pest and disease prevention methods during the planting season," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The Township Department of Agriculture is providing guidance to farmers planting green grams in Myaung Township on the importance of obtaining good varieties that are suitable for the region, clean seeds, proper planting methods, pest control, systematic use of fertilizers, and good yields. 206

# U.S. Fed keeps interest rates unchanged as wait-and-see mode continues

**New York June 19**

The U.S. Federal Reserve on Wednesday left the target range for the federal funds rates unchanged at 4.25 percent to 4.5 percent, as solid expansion of economic activity supports the wait-and-see mode.

This widely-expected decision marked the fourth time that the Fed chose to keep the benchmark interest rates unchanged in a row.

"Although swings in net exports have affected the data, recent indicators suggest that economic activity has continued to expand at a solid pace," said the Fed in a statement.

The United States continues to have a low unemployment rate, solid labor market and somewhat elevated inflation, according to the Fed.

"Uncertainty about the economic outlook has diminished but remains elevated," added the statement.

The Federal Open Market Committee will continue to monitor the implications of incoming information for the economic outlook, said the statement.

Notably, Federal Reserve Board members and Federal Reserve Bank presidents projected higher unemployment and inflation for 2025, 2026 and 2027 and adjusted lower forecasts of U.S. economic growth in 2025 and 2026. Xinhua

# Assault on Gaza continues amid lack of food, fuel, medical supplies: UN

**United Nations June 19**

Attacks on Gaza have continued, reportedly killing and injuring scores of people, amid severe shortages of food, fuel, and medical supplies, UN humanitarians said on Wednesday.

The UN Office for the Coordination of Humanitarian Affairs (OCHA) said medical teams at Nasser Medical Complex in Khan Younis had to clear the maternity ward to make space for the injured and turn rooms into emergency operating spaces on Tuesday.

Many patients had to undergo life-saving amputations. This followed an incident where people waiting for aid were killed or injured, said the office, quoting its partners.

"We're calling on others who are doing humanitarian work to do it in a way that is most beneficial to those who receive it, that doesn't put people at risk when they're just trying to eat -- that doesn't put people at risk when they're just trying to get the bare minimum by which to survive," said Stephane Dujarric, chief spokesman for UN Secretary-General Antonio Guterres, at a briefing, when asked about a non-UN, Israel- and U.S.-backed militarized aid distribution plan. Xinhua


Palestinians are pictured in Gaza City, on June 16, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီလေတပ်က အစ္စရေးနိုင်ငံထံမှ Heron TP အလယ်အလတ်အမြင့်ပျံဒရုန်းသုံးစင်းဝယ်ယူရန် စီစဉ်နေ



ဂျာမနီလေတပ်သည် အစ္စရေးနိုင်ငံထံမှ Heron TP အလယ်အလတ် အမြင့်ပျံ၊ လေထဲတွင် ကြာရှည်ပျံသန်းနိုင်မည့်ဒရုန်း သုံးစင်းဝယ်ယူရန် စီစဉ်နေသည်ဟု The Defense Post သတင်းဌာနက ဇွန် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဝယ်ယူရေးအတွက် ယူရို ၂၅ သန်း အဆိုပြုချက်ကို လွှတ်တော်၏ အတည်ပြုချက်ရရှိရန်အတွက် ပြင်ဆင်ထားကြောင်း Hartpunkt ဂျာမနီ အွန်လိုင်းသတင်းဌာန တစ်ခုက ရေးသားဖော်ပြထားသည်။

ဤဝယ်ယူမှုသည် ဂျာမနီလေတပ်၏ Heron ဒရုန်းအုပ်ကို အစ္စရေးထံမှ ငှားရမ်းထားသည့် ဒရုန်းငါးစင်းအပါအဝင် ရှစ်စင်းထိ တိုးချဲ့နိုင်လိမ့်မည်ဖြစ်သည်။ ငှားရမ်းထားသောဒရုန်းများကို ရေရှည်တွင် ဝယ်ယူမည်ဟု သတင်းများထွက်ပေါ်နေသည်။ ဤသည်မှာ နှစ်နိုင်ငံကြား မူလစာချုပ်တွင် ရရှိနိုင်သော ရွေးချယ်မှုတစ်ခုလည်းဖြစ်သည်။

အဆိုပါဒရုန်းများထဲမှ ဒရုန်း ခြောက်စင်းမှာ Schleswig-Holstein ဒေသရှိ Jagel လေတပ်အခြေစိုက်စခန်းတွင် စခန်းချမည်ဖြစ်ပြီး နှစ်စင်းမှာ ဂျာမနီ-အစ္စရေး ပူးတွဲတပ်ခွဲတစ်ခုဖြစ်သည့် ဂျာမနီဒရုန်းလေယာဉ်မှူးများအတွက် လေ့ကျင့်ရေးစင်တာအဖြစ် လုပ်ဆောင်နေသော အစ္စရေးနိုင်ငံ Tel Nof အခြေစိုက်စခန်းတွင် တပ်ဖြန့်ချထားလိမ့်မည်ဟု မျှော်မှန်းရသည်။ ပါလီမန်၏ နွေရာသီအားလပ်ရက်အပြီး မကြာမီတွင် ဝယ်ယူရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်မည်ဆိုလျှင် နှစ်နှစ်အတွင်း ပေးပို့လွှဲပြောင်းပေးအပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

အစ္စရေးနိုင်ငံထုတ် Heron TP ဒရုန်းသည် လေထဲတွင် နာရီ ၃၀ ကျော်ကြာ အမြင့်ပေ ၄၅၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်သည့်အတွက် တစ်ဖက်ရန်သူများမှ ရှာဖွေထောက်လှမ်းတွေ့ရှိရန်ခက်ခဲစေမည်ဖြစ်သည်။ ဂျာမနီနိုင်ငံသည် NATO အဖွဲ့ဝင်နိုင်ငံများ၏ အရေးပါသော ရေအောက်အခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် Baltic Sentry မစ်ရှင်အတွက် အစ္စရေးလေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်း(IAI)မှ ထုတ်လုပ်သည့်စနစ်များထဲမှ တစ်ခုကိုဖြန့်ကြက်ချထားခဲ့သည်။

Resolution မြင့်မားသော ကင်မရာများ၊ အဆင့်မြင့် အာရုံခံကိရိယာများနှင့် ရေဒါများတပ်ဆင်ထားပြီး၊ Heron ဒရုန်းသည် ပင်လယ်လမ်းကြောင်းများကိုစောင့်ကြည့်ရန်အတွက် စံပြုဒရုန်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

Hartpunkt ဂျာမနီ အွန်လိုင်းသတင်းဌာန၏ ရေးသားဖော်ပြချက်အရ ဝယ်ယူမည့် Heron ဒရုန်းသစ်များတွင် ရေဒါနှင့် ဆက်သွယ်ရေးများကို ထောက်လှမ်းသိရှိနိုင်စေရန် လျှပ်စစ်သံလိုက်လှိုင်း စောင့်ကြည့်ရေးစနစ် ပါရှိမည်ဖြစ်သည်။ ဤစွမ်းရည်အသစ်သည် Heron ဒရုန်း၏ စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ Bremen အခြေစိုက် Airbus DS Airborne Solutions ကုမ္ပဏီသည် ငှားရမ်းထားသော Heron ဒရုန်းအတွက်ရော ယခုဝယ်ယူမည့်ဒရုန်းအသစ်များအတွက်ပါ နည်းပညာနှင့် ပို့ဆောင်ရေးဆိုင်ရာများကို ပံ့ပိုးကူညီမှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ၏ နောက်ထပ် Heron TP ဒရုန်းများကို ဝယ်ယူဖြည့်တင်းခြင်းသည် ISR စွမ်းရည် မြှင့်တင်ပေးခြင်း၊ လျင်မြန်စွာတုံ့ပြန်ခြင်းနှင့် ဥရောပလုံခြုံရေးပတ်ဝန်းကျင်တွင် ဟန့်တားခြင်းစွမ်းရည်များ အားကောင်းစေရန်အတွက် Heron TP ဒရုန်း၏ အလယ်အလတ်အမြင့်ပျံလေထဲတွင် တာရှည်ပျံသန်းနိုင်သော MALE အမျိုးအစား၊ ဒရုန်းအုပ်ကို အားဖြည့်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

**Germany Plans to Acquire More Israeli Heron Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## Leonardo နှင့် Baykar ကုမ္ပဏီတို့က မောင်းသူမဲ့လေယာဉ်စနစ်အတွက် အကျိုးတူဖက်စပ်လုပ်ငန်းတစ်ခုတည်ထောင်ခဲ့

အီတလီနိုင်ငံ Leonardo ကုမ္ပဏီနှင့် တူကီယဲနိုင်ငံ Baykar ကုမ္ပဏီတို့သည် နိုင်ငံတကာဈေးကွက်များအတွက် မောင်းသူမဲ့လေယာဉ်စနစ်များကို ဒီဇိုင်းရေးဆွဲ၊ တီထွင်ထုတ်လုပ်ရန်နှင့် ကြံ့ခိုင်ထိန်းသိမ်းမှုများပြုလုပ်ရန်အတွက် အကျိုးတူဖက်စပ်လုပ်ငန်းတစ်ခုကို တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Paris Air Show ပြပွဲတွင် ထုတ်ပြန်ကြေညာခဲ့သော LBA Systems ဖက်စပ်လုပ်ငန်းသည် ၂၀၂၅ ခုနှစ် မတ်လတွင် ရောမမြို့တွင် ချုပ်ဆိုထားသောကာကွယ်ရေးကုမ္ပဏီများ၏ နားလည်မှုစာချွန်လွှာကို တရားဝင်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ၎င်း LBA Systems ဖက်စပ်လုပ်ငန်းကို အီတလီနိုင်ငံတွင် တရားဝင်ရုံးစိုက်ပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကနဦးလုပ်ငန်းများကို Bayraktar TB3 ဒရုန်းနှင့် Akinci ဒရုန်းများပေါ်တွင် အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Baykar ကုမ္ပဏီဥက္ကဋ္ဌ Selcuk-Bayraktar က တူကီယဲနိုင်ငံ အစိုးရပိုင် Anadolu သတင်းဌာနသို့ ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင် Leonardo ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Roberto Cingolani က ၎င်းတို့သည် ဒရုန်းများပေါ်တွင် Payload တင်ဆောင်နိုင်သော ဝန်အားစနစ်များ ပေါင်းစည်းအသုံးပြုနိုင်ရေးအတွက် စတင်လုပ်ဆောင်နေပြီဟု ပြောကြားခဲ့သည်။

Cingolani က အဆိုပါ လုပ်ငန်းကို Baykarထုတ် ကမ္ဘာ့အဆင့်မီမောင်းသူမဲ့လေယာဉ်များနှင့် Leonardo ၏ နိုင်ငံတကာ အသိအမှတ်ပြု Multi-domain (ဘက်စုံသုံး)နည်းပညာများနှင့် အတွေ့အကြုံများ ပေါင်းစပ်ပါဝင်လာမည့် မဟာဗျူဟာမြောက် နိုင်ငံတကာမဟာမိတ်သစ်တစ်ခု ဖြစ်လာလိမ့်မည်ဟု သတ်မှတ်ဖော်ပြခဲ့သည်။

တစ်ချိန်တည်းတွင် ကုမ္ပဏီနှစ်ခုစလုံးသည် အသိဉာဏ်တု နည်းပညာသုံး၊ တိုက်ပွဲဝင်အသင့်စနစ်များ ဖြစ်ရုံမျှမက နိုင်ငံတကာကျင့်ဝတ်များနှင့် အပြန်အလှန် လုပ်ဆောင်နိုင်စွမ်းရှိသည့် မျိုးဆက်သစ် မောင်းသူမဲ့လေယာဉ်စနစ်များကိုတည်ဆောက်ရန် ရည်ရွယ်ထားသောကြောင့် ယခုပူးပေါင်းဆောင်ရွက်မှု တစ်ခုထက်မက အနာဂတ်အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်ဟု Cingolani က အလေးပေးပြောကြားခဲ့သည်။

"ရှုပ်ထွေး နက်ရှိုင်းလာတဲ့ကမ္ဘာကြီးရဲ့ တောင်းဆိုလာနိုင်မဲ့ AI နည်းပညာသုံး ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို ဒီမဟာမိတ်အဖွဲ့က ပေးအပ်သွားနိုင်မှာပါ" ဟု ၎င်းက ပြောကြားခဲ့သည်။




သဘောတူညီချက်အရ Baykar ကုမ္ပဏီသည် မောင်းသူမဲ့လေယာဉ်များအတွက် ဒီဇိုင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူထားပြီး Leonardo ကုမ္ပဏီသည် အီလက်ထရွန်နစ်စနစ်များနှင့် Pay-load များကို ပေါင်းစည်းအသုံးပြုသွားနိုင်ရေး ပံ့ပိုးပေးမည်ဖြစ်ပြီး မောင်းသူပါ၊ မောင်းသူမဲ့ ပူးတွဲစစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကူးသန်းရောင်းဝယ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ဘက်စုံသုံးဒစ်ဂျစ်တယ်စနစ်များနှင့် အာကာသဆိုင်ရာ အစပျိုးလုပ်ဆောင်မှုများအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများရှိနေသည်။ အကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်များထဲတွင် ယခုနှစ်ကုန်တွင် အီတလီရေတပ်မှ လေယာဉ်တင်သင်္ဘောပေါ် မောင်းသူမဲ့လေယာဉ်များဖြင့် အောင်မြင်စွာဆင်းသက်နိုင်ရန်၊ ၂၀၂၆ ခုနှစ်တွင် ဒရုန်း၊မောင်းသူမဲ့လေယာဉ်သစ်များအတွက် အသိအမှတ်ပြု လက်မှတ်များထုတ်ပေးနိုင်ရန်နှင့် ဥရောပ၏ ဒရုန်း၊ မောင်းသူမဲ့လေယာဉ်များ ရှားပါးမှုကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်ရန်တို့ ဖြစ်ကြောင်း သိရသည်။

**Leonardo, Baykar Set Up Joint Venture for Unmanned Aerial Sys-tems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲစင်းငုံ ၂၂၆၈ ကေစိုက်ပျိုးရန် လျာထားပြီး ဇွန်လ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၀၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲစင်းငုံ ကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲစင်းငုံစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ပန်းတနော် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက်ပီလောပီနံဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဇွန်လဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ပီလောပီနံဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

''ပီလောပီနံဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ပီလောပီနံဥအမျိုးအစား နှစ်မျိုးစလုံးကို စိုက်ပျိုးတာတွေ့ရပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ ပီလောပီနံဥတွေ စတင်ပေါ်နေတဲ့အချိန် ဖြစ်ပါတယ်။ အခုလို ပီလောပီနံဥတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေလာတာတွေ့ရတယ်။ ပီလောပီနံဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်''ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ပီလောပီနံဥများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက်ပီလောပီနံဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ပီလောပီနံဥ စိုက်ပျိုးသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ဖလန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖလန်ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၈၉ သန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၈၃ ဦးကို ငွေကျပ် ၂၆ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၁၈၇ဦးကို ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဝါးခယ်မမြို့နယ် ဘဲချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ဝါးခယ်မ ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဘဲချောင်းကျေးရွာတွင်း ဆိုင်ကယ်သွားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဘဲချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် လမ်းအရှည် ၈၈၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ဆိုင်ကယ်သွားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် သုံးစွဲခွင့်ရရှိသော ငွေကျပ် သိန်း ၉၀ ဖြင့် ဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **ယယ်လေး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီအစည်းအဝေး ကျင်းပ




**နေပြည်တော် ဇွန် ၁၉**

ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နယ်ဘက် လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီမှအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာဥပဒေကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄/၂၀၂၅)ဖြင့်အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီက ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ (ခ)အရ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်း ဆိုင်ရာညွှန်ကြားချက်ကို ဇွန် ၁၈ ရက်တွင် ဗဟိုကော်မတီ၏အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅)ဖြင့် အတည်ပြုထုတ်ပြန်ပြီးဖြစ်ပါကြောင်း။

ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေတွင် အခန်း(၁)မှ (၁၃)ထိပါဝင်ပြီး ဥပဒေပုဒ်မ ၁ မှ ပုဒ်မ ၅၅ ထိပြဋ္ဌာန်းထားပါကြောင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်လိုသည့် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ လိုင်စင်ရရှိသူ၏တာဝန်နှင့်အခွင့်အရေးများ၊ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များ ပြည့်စုံစွာသိရှိလိုက်နာဆောင်ရွက်ရန် ဖော်ပြထားသည့်အပြင် ဗဟိုကော်မတီက ဇွန် ၁၈ ရက်တွင်အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅)ဖြင့်ထုတ်ပြန်ထားသောလိုင်စင်နှင့် ခွင့်ပြုမိန့်လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက် လျှောက်လွှာပုံစံများနှင့် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက် ၁ မှ ၅၉ ထိ ပြည့်စုံစွာဖော်ပြထားပါကြောင်း။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့်ကုမ္ပဏီများသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလိုင်စင်ကို ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲများတွင် လုံခြုံရေးဝန်ထမ်း ၁၀ ဦးအထက်ခန့်ထားလိုသည့် လုပ်ငန်းရှင်များသည် ခွင့်ပြုမိန့်ကို သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးကော်မတီက လျှောက်လွှာများကို သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိစိစစ်၍ ညီညွတ်မှုရှိသည့် လျှောက်လွှာများကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့တင်ပြရမည်ဖြစ်ပြီး ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကြီးကြပ်ကွပ်ကဲရေးကော်မတီများက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကိုလျှောက်ထားသူထံ ထုတ်ပေးရမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်မည့်ကုမ္ပဏီများကို နိုင်ငံတော်လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏အေးချမ်းသာယာရေးကိုအထောက်အကူပြုစေရန်နှင့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုများ ဖြစ်လာစေရန်အတွက် ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးအဖွဲ့များက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ရေကူးကန်ပျက်စီးနေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညာဏ်ဇော်ဦးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ပျက်စီးမှုပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)နှင့် ရေကူးကန်ရေပိုက်လိုင်းများနှင့် မီးလိုင်းများ၏ ထိခိုက်ပျက်စီးခဲ့မှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၏ –2.8 Level၊ မြေညီထပ်၊ ပထမထပ်နှင့်အထူးတန်းပွဲကြည့်စင်များ၏ Column တိုင်နှင့် Ground Beam & Tie Beam ပျက်စီးခဲ့မှုများကိုပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ယာယီထောက်မမှုလုပ်ငန်း(temporary supporting work)များဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Wall ၊ Column ၊ Beam များအား Plaster ခွာခြင်း၊ အုတ်နံရံဖြိုဖျက်ခြင်းနှင့် မျက်နှာကြက်များ ဖျက်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ မှန်အကာနံရံများ၊ ပြတင်းတံခါးများ၊ Light Partition များနှင့် Tempered Glass Curtain Wall များ ဖြုတ်သိမ်းခြင်းလုပ်ငန်း၊ ကြမ်းခင်းTopping နှင့်ကြွေပြားများခွာထုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများကို သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်စေရန်၊ ရေရှည်တည်တံ့စေရန်နှင့် သတ်မှတ်အရည်အသွေးပြည့်မီပြီး အမြန်ဆုံးပြီးစီးစေရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ထပ်မံထိခိုက်ပျက်စီးခဲ့သည့် ရုံအတွင်းဘက်ပွဲကြည့်စင်ဘေးပတ်လည်နံရံ အက်ကွဲပျက်စီးနေမှုများနှင့်ရုံအပြင်ဘက် ယာဉ်ပတ်လမ်းများတွင် မြေကျွံပျက်စီးနေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိရေကူးကန်ပွဲကြည့်စင်အပေါ်ဘက်နံရံများ၊ ရေကန်သို့ ရေတင်ခြင်းနှင့် ရေစုပ်ယူသည့်ပိုက်လိုင်းများ၊မီးလိုင်းများ၊ကလိုရင်းကန်နှင့် ပိုက်လိုင်းများပျက်စီးနေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးသည့်နေရာများကို တိတိကျကျသိရှိနိုင်ပြီး အမြန်ဆုံးပြုပြင်နိုင်ရန်အတွက် မီးလိုင်း၊ ရေလိုင်းများရရှိစေရေး ဦးစားပေးစစ်ဆေးဆောင်ရွက်သွားရန်နှင့် ရေကူးကန်ကို အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရန်အတွက် လိုအပ်သည်များကို စနစ်တကျတွက်ချက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား**

ဘာသာရပ်-ဓာတုဗေဒ+ပထဝီဝင်

ရက်စွဲ။ ၁၉-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉% | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၈ | ၃၃၇၆၁ | ၂၇၅ | ၂၀၅ | ၄၈၀ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၅၀ | ၆၂၇၈၉ | ၄၆၂ | ၄၂၂ | ၈၈၄ | ၉၈.၆၁% | ၁.၃၉% | |

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် ပန်းခင်းစီမံချက်လျာထားချက်ပြီးမြောက်အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်





**နေပြည်တော် ဇွန် ၁၉**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲကမော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ်အနေဖြင့်လည်း ရာနှုန်းပြည့်ကောက်ယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းစာရင်းများကို ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကော်မတီအဆင့်ဆင့်က စိစစ်အတည်ပြုကာ ဗဟိုကော်မတီမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မဲစာရင်းပြုစုနိုင်ရေး ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း။

မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက်လည်း မိမိတို့ဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အနေဖြင့် ပန်းခင်းစီမံချက်အားလုံးတွင် လျာထားချက်ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သော်လည်း ထပ်မံ၍ အသက် ၁၈ နှစ်ပြည့်လာမည့်သူများအတွက် ယခုပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်ထိ နိုင်ငံသားစိစစ်ရေးကတ်ပြားစုစုပေါင်း တစ်သောင်းကိုးထောင်ကျော်ထုတ်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေ့ပြောင်းနေထိုင်သူများအတွက် ဥပဒေနှင့်အညီ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေး၊ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက်ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ဆက်စပ် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်လည်းလိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည်နှင့်အညီ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရရှိသည့် လူဦးရေအချက်အလက်များ ကွဲလွဲမှုမရှိစေရေးနှင့် ပြည့်စုံမှန်ကန်ရေးတို့အတွက် စိစစ်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်အဆင့်(၃) လျာထားသတ်မှတ်ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အတည်ပြုလူဦးရေစာရင်းများ သတ်မှတ်ရက်အရောက်ပေးပို့နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးဆောင်ရွက်နေမှုများနှင့်လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်ဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်စာစစ်ဌာနသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်နှင့်ပထဝီဝင်ဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းပညာရေးတက္ကသိုလ်၊စစ်ကိုင်းပညာရေးဒီဂရီကောလိပ်နှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့်ကျောင်းဆောင်၊ စာသင်ဆောင်များကို အဆင့်အလိုက် ဆက်လက် ဆောင်ရွက်ထားမှုအခြေအနေများ၊ ကျောင်းဆောင်သစ်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်၍ ကျောင်းသား၊ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲအေးချမ်းစွာဖြေဆိုနေမှုများကိုကြည့်ရှုအားပေးကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် UNITY ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတည်ထောင်သူများ၊ ကျောင်းအုပ်များနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို မိမိတို့တက္ကသိုလ်၏ ဥပမိရပ် ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ စီမံဆိုင်ရာ၊သင်ကြားသင်ယူမှုဆိုင်ရာအရည်အသွေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်တို့ကိုမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယနေ့ကျင်းပသည့် စာမေးပွဲတွင် စစ်ကိုင်းဒေသကြီးရှိ ခရိုင် ကိုးခရိုင်၊ မြို့နယ် ၁၃ မြို့နယ်တွင် စာစစ်ဌာနစုစုပေါင်း ၂၅ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၈၂၀၅ ဦး စာရင်းပေးသွင်းကြပြီး ဓာတုဗေဒနှင့်ပထဝီဝင်ဘာသာရပ်ကို ဦးရေ ၈၀၄၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၉၉ ရာခိုင်နှုန်းရှိပြီး မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ၁၀ ခရိုင်၊ မြို့နယ် ၂၅ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ဦး စာရင်းပေးသွင်းကြပြီး ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ကို ၃၃၇၆၁ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်းရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒနှင့်ပထဝီဝင်ဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာန စုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၈၉ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

၁၉ - ၆ - ၂၀၂၅

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၀/၂၀၂၅)**

၁၃၈၇ ခုနှစ် နယုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ် ဇွန်လ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ ကော်မရှင်သည် ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# လျှပ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ စိန်ရတနာကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီး၊ ဆွမ်းဦးပုညရှင်စေတီတော်နှင့် ရတနာစေတီ ဆင်များရှင်စေတီတော်တို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ဒေသခံပြည်သူများနှင့်အတူ အဖွဲ့အစည်းအသီးသီးက ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အင်အားဖြည့် အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် သကျဓိတာသီလရှင်စာသင်တိုက်၊ ဇမ္ဗူမင်္ဂလာဆုတောင်းပြည့်ဘုရား၊ စိန်ရတနာကျောင်းတိုက်နှင့် ရတနာအောင်မြင်ကျောင်းတိုက်တို့၌ ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးက စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု၊ မဟာစည်းခုံကြီးစေတီတော်ပရိဝုဏ်အတွင်း၌ ငလျင်ဒဏ်သင့်ပြည်သူများ နေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးနေမှု၊ စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်သင့် လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲယာများရှိ အပြိုအပျက်များကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စက်ယန္တရားကြီးများ၊ စည်ပင်သာယာရေး ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ သွားရောက်၍ ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ ဘုရားဖူးပြည်သူများလာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ငြမ်းများစနစ်တကျဆင်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဂန္ဓကုဋိတိုက်အား ပိုမိုခိုင်ခံ့စေရန်အတွက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဘုရားကြီး၏ နောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့် တိုင်များကို ပြန်လည်တည်ဆောက်ရန်အတွက် တိုင်ကျင်းများ တူးဖော်ထားရှိမှုနှင့် ချိတ်ဆွဲရတနာပြတိုက်အတွင်း မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ထီးတော်နှင့် စိန်ဖူးတော်အား ပူဇော်ခံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ် အလယ်ရပ်ကွက်နှင့် အနောက်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်ရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗ၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက်၌ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၉**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



# နှစ်နိုင်ငံအခြေစိုက်သံရုံးများဖွင့်လှစ်ရန် ဆောင်ရွက်နေမှုအပါအဝင် နှစ်နိုင်ငံအကြားရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စု သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdul-jaleel Mohamed Al Faheem အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအခြေစိုက်သံရုံးများဖွင့်လှစ်ရန် ဆောင်ရွက်နေမှုအပါအဝင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍနှင့်အခြားသော အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၆၂၇၈၉ ဦး ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။











နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုလျက်ရှိသည့် Grade 12 ကျောင်းသား၊ကျောင်းသူများကို တွေ့ရစဉ်။

စာမေးပွဲဖြေဆိုမှုနှင့် ပတ်သက်၍ ကျောင်းသူတစ်ဦးက "သမီးဆိုရင် ဘယ်အခန်းထဲက ဘယ်အခန်းကို ကိုယ်အောင်အောင် လုပ်မလဲဆိုတာကို အရင်လုပ်တယ်။ ပြီးတော့မှ ဂုဏ်ထူးပါနိုင်တဲ့ အခန်းတွေကို အရင်လေ့လာတယ်။ ပြီးတော့မှ အမှတ်များနိုင်တဲ့အခန်းတွေကိုလည်းကြည့်ဖြစ်ပါတယ်။ အခုစာမေးပွဲပြီးရင်တော့ သမီးဝါသနာပါတဲ့ တက္ကသိုလ်ကို တက်ချင်ပါတယ်။ အမှတ်များအောင်လည်း ကြိုးစားနေပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ ဆရာဝန်ဖြစ်ချင်ပါတယ်။ သမီးပညာတတ်ကြီးဖြစ်ရင်တော့ သမီးရဲ့မိဘနှစ်ပါးကို တစ်ဖက်တစ်လမ်းကနေ ပြုစုကျွေးမွေးစောင့်ရှောက်ချင်ပါတယ်။ အဲဒီအတွက်လည်း ကြိုးစားနေပါတယ်။ ပထမတစ်ခါဖြေတုန်းကတော့ နည်းနည်းလွတ်သွားတဲ့ စာတွေလည်းရှိခဲ့ပါတယ်။ နောက်ပြီး နားမလည်တဲ့စာတွေလည်းရှိပါတယ်။ အခုတစ်ခါကျတော့ နားလည်အောင် ပိုပြီးတော့လေ့လာဖြစ်တယ်။ ပိုပြီးတော့လည်းကြိုးစားဖြစ်တယ်။ အခုတစ်ခါဖြေဆိုရတာ ပိုပြီးတော့အားရမိပါတယ်။ ပြန်လည်ဖြေဆိုခွင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ ပညာရေးမှူးအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ စိုက်ပျိုးရေးသမဝါယမအသင်း ၁၁ သင်းအတွက် အထွက်တိုးမျိုးစပါးနှင့် သွင်းအားစုများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပေးအပ်

**နေပြည်တော် ဇွန် ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းခေတ်မီစံပြကျေးရွာသို့ သွားရောက်၍ ညောင်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းအပါအဝင် ကျေးရွာ ၁၁ ရွာ၊ စိုက်ပျိုးရေးသမဝါယမအသင်း ၁၁ သင်းတို့မှ အသင်းသားတောင်သူ ၁၀၄ ဦးအတွက် ၂၀၂၅-၂၀၂၆ မိုးစပါးစီမံကိန်းတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်တိုးမျိုးစပါးနှင့် သွင်းအားစု ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးကြသည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများကို နိုင်ငံတော်ထောက်ပံ့ငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းရန်ပုံငွေ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတ်မှတ်ပန်းတိုင်အထွက်နှုန်း မရရှိပါက အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးချိန်တွင် အားနည်းချက်များကို ပြုပြင်စိုက်ပျိုးသွားရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ကျေးလက်လမ်း၊ ကုန်ထုတ်လမ်းနှင့် တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသမဝါယမအသင်း ၁၁ သင်းမှ အသင်းသားတောင်သူ ၁၀၄ ဦးအတွက် အထွက်တိုးမျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ကြပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သော သောက်သုံးရေဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်နေကြသည့် သင်တန်းသူများ၏ စက်ချုပ်လုပ်ငန်းများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12) စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး ဇွန် ၁၉**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12)ကို ပြန်လည်ကျင်းပစစ်ဆေးခြင်းများကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်များကို သက်ဆိုင်ရာဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထိုသို့ စာစစ်ဌာနများသို့ လိုက်လံကြည့်ရှုရာတွင် အောင်မြေသာစံခရိုင် မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ အောင်မြေသာစံမြို့နယ် အကျဉ်းဦးစီးဌာန မန္တလေးဗဟိုအကျဉ်းထောင်ရှိ အ.ထ.က (၂၅)တန်းခွဲ၊ ပုသိမ်ကြီးမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(မြို့မ)၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ အမရပူရမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ယန္တရား) စာစစ်ဌာန တို့သို့ရောက်ရှိပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေး တိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၂၅ ခုတွင် စာစစ်ဌာန ၁၀၁ ခု ဖွင့်လှစ်ထားပြီး ယနေ့ ဓာတုဗေဒဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၃၂၇၀၈ ဦး ဖြေဆိုသည့် ရာခိုင်နှုန်း ၉၈ ဒသမ ၆၇ ရာခိုင်နှုန်းနှင့် ပထဝီဝင်ဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၁၀၅၃ ဦး ဖြေဆိုသည့် ရာခိုင်နှုန်း ၉၆ ဒသမ ၅၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားခြင်းနှင့်ပတ်သက်၍ ပျူခေတ်ဆိုင်ရာအထောက်အထားအချက်အလက်ဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

မြန်မာနိုင်ငံ၏တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကိုရေးသားပြုစုရန်အတွက် ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက် (ရန်ကုန်) ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ ပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ လေ့လာသူပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဌာနမှ မျိုးဆက်သစ်ဝန်ထမ်းများနှင့် ပြင်ပပညာရှင်များက သုတေသနပြုလေ့လာတွေ့ရှိချက်များကို တင်ပြဆွေးနွေးမည်ဖြစ်သည့်အတွက် ကြွရောက်လာသူများက ဖြည့်စွက်ဆွေးနွေးပြင်ဆင်ပေးနိုင်ကြောင်း၊ ယခုတင်ပြမည့်အကြောင်းအရာများသည် ကွင်းဆင်းတူးဖော်မှု၊ အထောက်အထားလေ့လာမှု၊ ကမ္ပည်းကျောက်စာလေ့လာမှုများ စသည်ဖြင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များက နယ်ပယ်အလိုက် သေချာစွာ သုတေသနပြုလေ့လာထားသော အကြောင်းအရာများဖြစ်သည့်အတွက် ယခုရေးသားပြုစုနေသည့် တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်အတွက် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာသူများက ပျူအက္ခရာနှင့် အသံထွက်၊ ပျူခေတ်ရေအသုံးချမှုနှင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ အထောက်အထားများ၊ ပုဂံဒေသရှိ ပျူအထောက်အထားများနှင့် ပတ်သက်၍ သုတေသနပြုတွေ့ရှိချက်များ၊ ဗိဿနိုးပျူမြို့ဟောင်းအတွင်းရှိ သုတေသနပြုမှုဆိုင်ရာ နှောင်းတွေ့အထောက်အထားများ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျူမြို့ဟောင်းများရှိ တူးဖော်မှုကုန်းများမှ အုတ်နမူနာများ၏ မီးဖုတ်သည့်အပူချိန်ကို နှိုင်းယှဉ်သုတေသနပြု တွေ့ရှိချက်များ၊ သရေခေတ္တရာပျူမြို့ဟောင်း နန်းတော်ရာအတွင်းမှ အမိုးအုတ်ကြွပ်ပြားများနှင့် ပတ်သက်၍ သုတေသနပြုတွေ့ရှိချက်များ၊ သရေခေတ္တရာမြို့ဟောင်း အတွင်း၊ အပြင်ရှိ တူးဖော်ပြီးသော ကုန်းခုနစ်ကုန်းမှ တွေ့ရှိရသော ရွှေထည်နှင့် ငွေထည်ယဉ်ကျေးမှု အနုလက်ရာများ၊ ပျူအက္ခရာနှင့် အသံထွက် စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြရာ ပညာရှင်ကြီးများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယာရာမပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၄၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ခိုလမ်မြို့ တုန်ဟုန်းကျေးရွာ၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**နေပြည်တော် ဇွန် ၁၉**

၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ခိုလမ်မြို့ရှိ တုန်ဟုန်းကျေးရွာ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင်စိုက်ပျိုးမည့် ရတနာတန်းဝင် ကျွန်းပျိုးပင်များကို ဌာနဆိုင်ရာဝန်ထမ်းများကို ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျွန်းပျိုးပင်များကို သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျွန်းပျိုးပင်များ စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပျိုးပင်စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း သတ်မှတ်နေရာတွင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ယနေ့ထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၅၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ငလျင်ဘေးသင့် ပြည်သူများသို့ ပြည်တွင်း စေတနာရှင်၊ အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇွန် ၁၈ ရက် ညနေ ၅ နာရီမှ ယနေ့ ညနေ ၅ နာရီအတွင်း တရုတ်နိုင်ငံသား အလှူရှင်များနှင့် တရုတ်နိုင်ငံရောက် မြန်မာအလှူရှင်များကလှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ အလေးချိန် သုည ဒသမ ၉၆၂ တန်နှင့် စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ Buddha Dhamma Mandala Society နှင့် Love and Care CharityGroup တို့က လှူဒါန်းသည့် ဘီစကွတ်၊ ခေါက်ဆွဲခြောက်နှင့် လူသုံးကုန်ပစ္စည်းများ အလေးချိန် သုည ဒသမ ၁၈ တန် အသီးသီးရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းငွေများပေးအပ်



**ရန်ကုန် ဇွန် ၁၉**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘာသာရေးအဆောက်အအုံများ မွမ်းမံပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၇ ရက်က ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်နှင့် ကော်မတီဝင်များ၊ အသင်းမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

လှူဒါန်းမှုအနေဖြင့် စစ်ကိုင်းမြို့ရှိ ရွှေဟင်္သာတိုက်သစ် ကျောင်းအတွက် ငွေကျပ်သိန်း ၅၀၀၊ ရတနာသိင်္ဂီ(ပရဟိတ) သီလရှင်စာသင်တိုက်အတွက် ငွေကျပ်သိန်း ၅၀၀၊ ခရစ္စတီယာန်သခင်မ ဘုရားကျောင်းအတွက် ငွေကျပ်သိန်း ၂၅၀၊ အောင်မြေသာစံမြို့နယ်ရှိ ကသီဒြယ်ဘုရားကျောင်းအတွက် ငွေကျပ် သိန်း ၁၀၀၊ စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာရှိ စိန့်ဂျော်ကင်နှင့် စိန့်အန်နားကက်သလစ် ခရစ်ယာန်ဘုရားကျောင်းအတွက် ငွေကျပ် သိန်း ၁၅၀၊ အမရပူရမြို့နယ် ဖုံးအိုးကျေးရွာရှိ ဖုံးအိုးအရှေ့ဗလီအတွက် ငွေကျပ်သိန်း ၂၅၀၊ အစ္စလာမ်ဇာရိုကီရာ စာသင်ကျောင်းအတွက် ငွေကျပ်သိန်း ၂၅၀၊ အောင်မြေသာစံမြို့နယ်ရှိ အမ်ဘီကာမယ်တော်ကြီး ဟိန္ဒူ ဘာသာရေးကျောင်းအတွက် ငွေကျပ်သိန်း ၂၅၀၊ စစ်ကိုင်းမြို့ရှိ သီရိဆသ်နရ်ယန် ဟိန္ဒူဘုရားကျောင်းအတွက် ငွေကျပ်သိန်း ၂၅၀ တို့ကို လှူဒါန်းခဲ့သည်။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဘာသာရေးအဆောက်အအုံများ မွမ်းမံပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက စုစုပေါင်း ငွေကျပ် သိန်း ၂၅၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

**ရန်ကုန် ဇွန် ၁၉**

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

## ၂၀၂၅ ခုနှစ် ဇွန် ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။


ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ❖ နေရာကွက်၍ မိုးကြီးမည်မှ

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zue Zue Min Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်မြို့ ရွာဘဲရပ်ကွက်နေ ဇူးဇူးမင်းထက်အား နံနက် ၁၀ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ “Phyo Nyi” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဖြိုးညီညီ(ခ)ဖက်တီးနှင့် လက်ကိုင်ဖုန်းအတွင်း လှုံ့ဆော်ဝါဒဖြန့်သည့် ဗီဒီယိုဖိုင်များ သိမ်းဆည်းထားသူ စောလှနိုင်တို့နှစ်ဦးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

### ☆ ကျောဖုံးမှအဆက်

ရောဝတီယူနိုက်တက်အသင်းက သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၂ မိနစ်တွင် သီဟ၊ ပွဲချိန် ၇၇ မိနစ်တွင် ရန်နိုင်လင်း၊ ပွဲချိန် ၈၁ မိနစ်တွင် အောင်ကျော်နိုင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အတွင်း ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည့်အတွက် ပင်နယ်တီ အဆုံးအဖြတ်ကစားခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

MNL League Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

### ❑ ဖမ်းဆီးရမိမှ

တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၁၈၆၄၇၀ ကိုလည်းကောင်း၊ သီလဝါ ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၈၁၀၈၅ ကိုလည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ Singapore Airlines လေယာဉ်ခရီးစဉ်အမှတ် SQ–762/ SF – 5799 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၆၀၀၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ အမှတ်(၂) လမ်းမကြီး လေးထောင့်ကန် Max ဆီဆိုင်အနီး၌ ဘားအံမြို့မှ ရန်ကုန် မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၈၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၁၆၆၀၅၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၈ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၀၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ရှမ်းချောင်းလမ်းမကြီး AST ဆီဆိုင်အနီး၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၈၀၀၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Zhong Tong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၀၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၃၈၉၃၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း ဝင်းထက်ဆီဆိုင်အနီး၌ အေးသာယာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၂၃၆၂၅၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia- Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၆၂၅၅၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၅၉ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



















ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၈ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၃၆၇၄၂၀၅ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင် ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# JF-17 တိုက်လေယာဉ် အစင်း ၄၀ ကို အဇာဘိုင်ဂျန်သို့ ရောင်းချခဲ့သည့် ပါကစ္စတန်

ပါကစ္စတန်နိုင်ငံသည် အာရှဒေသတွင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု၌ အထင်ကရမဟုတ်သော်လည်း ယနေ့အချိန်တွင် တစ်ဟုန်ထိုးတိုးမြင့်လာခဲ့သည်။ နျူကလီးယားစွမ်းအင် တီထွင်ထုတ်လုပ်နိုင်ခြင်း၊ တာဝေးပစ်ဒုံးကျည်များထုတ်လုပ်ခြင်း၊ တိုက်လေယာဉ်များ၊ သံချပ်ကာယာဉ်များနှင့် စစ်ရေယာဉ်များထုတ်လုပ်ခြင်း လုပ်ဆောင်နိုင်သည့်နိုင်ငံဖြစ်သည်။ ကိုယ်ပိုင်နည်းပညာအပြင် တရုတ်နိုင်ငံနှင့် ပေါင်းစပ်ထားသည့် ဖက်စပ်နည်းပညာများကြောင့် အောင်မြင်မှုများ ပိုမိုရရှိလာခဲ့သည်။ ထို့ကြောင့် ပြည်တွင်းထုတ်လုပ်သုံးစွဲမှုအပြင် ပြည်ပတင်ပို့ရေးထိ လုပ်ဆောင်လာခဲ့သည်။

ပါကစ္စတန်အစိုးရက အဇာဘိုင်ဂျန်သို့ရောင်းချသည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ JF–17 Thunder တိုက်လေယာဉ်အစင်း ၄၀ နှင့် ကာကွယ်ရေးပစ္စည်းရောင်းချရေးနှင့်ပတ်သက်ပြီး သဘောတူညီခဲ့သည်။ ယခုသဘောတူညီချက်သည် ပါကစ္စတန်၏သမိုင်းတစ်လျှောက် အကြီးမားဆုံး ကာကွယ်ရေးပို့ကုန်ကို အမှတ်အသားပြုရုံသာမက လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးကို တည်ထောင်ခဲ့သည့် နိုင်ငံနှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ညှိနှိုင်းမှုကိုလည်း အချက်ပြလျက်ရှိသည်။ JF–17 Thunder ကိုဝယ်ယူရန် အဇာဘိုင်ဂျန်၏ ဆုံးဖြတ်ချက်သည် ၂၀၂၀ ပြည့်နှစ် နာဂေါ်နို–ကာရာဘက်ပဋိပက္ခမှ စစ်ဆင်ရေးများ အပြီးတွင် ၎င်း၏လေတပ်ကို ခေတ်မီစေရန် ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းမှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။

JF–17 ၏အဆင့်မြင့် Block III မျိုးကွဲကို ရယူခြင်းဖြင့် အဇာဘိုင်ဂျန်သည် ရုရှားထုတ်လေယာဉ်များကို အစဉ်အလာအရ မှီခိုအားထားမှုမှ ပြောင်းလဲမှုကို အချက်ပြနေစဉ် စတုတ္ထမျိုးဆက်ဘက်စုံလေကြောင်းတိုက်ခိုက်ရေးစွမ်းရည်၏ရှေ့တန်းတွင် ရပ်တည်လျက်ရှိသည်။ ဤဝယ်ယူမှုသည် ၎င်း၏ကာကွယ်ရေးမိတ်ဖက်များကို မတူကွဲပြားစေရန်၊ ဟန့်တားမှုစွမ်းရည်များမြှင့်တင်ရန်နှင့် တောင်ကော့ကေးဆပ်ဒေသတွင် အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ၎င်း၏အခန်းကဏ္ဍကိုအားဖြည့်ပေးရန် အဇာဘိုင်ဂျန်၏ ရေရှည်ရည်မှန်းချက်ကို ထင်ဟပ်စေသည်။

ပါကစ္စတန်လေကြောင်း အာကာသစက်မှုလုပ်ငန်း (Pakistan Aeronautical Complex –PAC) နှင့် China's Chengdu Aircraft Corporation (CAC) တို့ပူးပေါင်းထုတ်လုပ်သည့် JF–17 Thunder တိုက်လေယာဉ်များကို ပါကစ္စတန်က ပြင်သစ်နှင့် တရုတ်ထုတ်တိုက်လေယာဉ်များနေရာတွင် အစားထိုးရန် ၁၉၉၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် စိတ်ကူးပုံဖော်ခဲ့သည်။ JF–17 ရှေ့ပြေးပုံစံ၏ ပထမဆုံး အောင်မြင်သောပျံသန်းမှုကို ၂၀၀၃ ခုနှစ်တွင်ပြုလုပ်ခဲ့ပြီး ထိုလေယာဉ်ကို ၂၀၀၇ ခုနှစ်တွင် ပါကစ္စတန်လေတပ်က တရားဝင်စတင်အသုံးပြုခဲ့သည်။ ထိုအချိန်မှစ၍ ပါကစ္စတန်တွင် JF–17 တိုက်လေယာဉ်အစင်း ၁၅၀ ကျော် တပ်ဆင်ထားပြီး တိုးတက်ပြောင်းလဲနေသော စစ်မြေပြင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အသုတ်လိုက် အဆင့်မြှင့်တင်မှုများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။

JF–17 Block III မူကွဲသည် နည်းပညာဆိုင်ရာ ခေတ်မီမှုတွင်သာလွန်လျက်ရှိသည်။ ၎င်းတွင်နောက်ဆုံးပေါ် Active Electronically Scanned Array (AESA) ရေဒါ၊ အဆင့်မြင့်အီလက်ထရွန်နစ်စစ်ဆင်မှု(EW) စနစ်များပါရှိသည်။ လေယာဉ်တွင် နှုတ်သီးပိုင်း အာရုံခံစနစ်တပ်ဆင်ထားသော မျက်နှာပြင်နှင့် ပစ်မှတ်ထားစနစ် (HMDTS) ကိုလည်း တပ်ဆင်ထားပြီး လေယာဉ်မှူး၏အခြေအနေဆိုင်ရာသတိပြုမိမှုနှင့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို သိသိသာသာ မြှင့်တင်ပေးသည်။ လက်နက်တပ်ဆင်မှုတွင် JF–17 တိုက်လေယာဉ်သည် PL–15 တိုက်လေယာဉ်ထက် ကျော်လွန်၍ မြင်ကွင်းလွန် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ (BVR AAMs)၊ လေဆာလမ်းညွှန်ဗုံးများ၊ ခါတ်ရောင်ခြည်သုံး ဒုံးကျည်များနှင့် အကွာအဝေးတိကျစွာပစ်ခတ်နိုင်သော လက်နက်များအပါအဝင် အမျိုးမျိုးသောလက်နက်များကို သယ်ဆောင်




နိုင်သည်။ ၎င်းသည် ရေယာဉ်ဖျက်ဒုံးကျည်များနှင့် မဟာဗျူဟာမြောက်ခရုဇ်ဒုံးကျည်များကို ပေါင်းစပ်နိုင်စွမ်းရှိပြီး ခေတ်မီကွန်ရက်ဗဟိုပြုစစ်ဆင်မှုအတွက် သင့်လျော်သည့်စစ်မှန်သောဘက်စုံသုံးစနစ်တစ်ခုဖြစ်လာသည်။

အသံထက်မြန်ပြီး ရေဒါရောင်ခြည်တန်ပြန်စနစ်များပါရှိသည့် CM–400AKG ဒုံးကျည်များတပ်ဆင်ထားသော JF–17 တိုက်လေယာဉ်များသည် ၂၀၂၅ ခုနှစ် မေလအတွင်းက ဖြစ်ပွားခဲ့သည့် အိန္ဒိယ–ပါကစ္စတန်ပဋိပက္ခတွင် အိန္ဒိယ၏ S–400 လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အောင်မြင်စွာပစ်မှတ်ထားခဲ့သည်။ ပါကစ္စတန်လေတပ်၏ရှင်းလင်းတင်ပြချက်တစ်ခုတွင် S–400 ၏ ချစ်ဘုတ်ရေဒါဖျက်ဆီးခြင်းကို မီးမောင်းထိုးပြခဲ့ပြီး ၎င်းစနစ်ကိုလည်းပတ်လုပ်ဆောင်နိုင်ခြင်းမရှိစေရန် လုပ်ဆောင်ခဲ့သည်ဟုဆိုသည်။ ဂြိုဒမ်ပူမြို့တွင်အခြေစိုက်သည့် ရေဒါပျက်စီးမှုပြသောဂြိုဟ်တုဓာတ်ပုံများသည် ပါကစ္စတန်လေတပ်၏တောင်းဆိုချက်များကို သက်သေပြပြီး သက်ရောက်မှုများစွာကိုဖော်ပြလျက်ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် အနောက်နိုင်ငံထုတ်သို့မဟုတ် ရုရှားထုတ်စနစ်များထက် ကုန်ကျစရိတ်သက်သာသော အခြားရွေးချယ်စရာများကို ရှာဖွေနေစဉ် ကုန်ကျစရိတ်သက်သာသော ပါကစ္စတန်၏ JF–17 တိုက်လေယာဉ်များဖြင့် ကမ္ဘာလုံးဆိုင်ရာလက်နက်ဈေးကွက်တွင် ယုံကြည်ရလောက်သော လက်နက်ထုတ်လုပ်သည့်နိုင်ငံအဖြစ် ပေါ်ထွန်းလာသည်။ ဤသဘောတူညီချက်မတိုင်မီတွင် JF–17 တိုက်လေယာဉ်များကို နိုင်ဂျီးရီးယား၊ မြန်မာနှင့် အီရတ်နိုင်ငံတို့သို့ တင်ပို့ထားပြီးဖြစ်သည်။ ပို့ကုန် တစ် ခုစီသည် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာပံ့ပိုးကူညီမှုများဖြင့် လိုက်ပါသွားကာ ရေရှည်တည်တံ့သော ကာကွယ်ရေးစက်မှုလုပ်ငန်း ဂေဟစနစ်တည်ဆောက်ရန် ပါကစ္စတန်၏ ရည်မှန်းချက်ကို မီးမောင်းထိုးပြလျက်ရှိသည်။ သို့သော်လည်း အဇာဘိုင်ဂျန်နှင့် ပြုလုပ်သည့် သဘောတူညီချက်သည် အတိုင်းအတာနှင့် အကျိုးသက်ရောက်မှုတွင် မကြုံစဖူးဖြစ်ပြီး တောင်အာရှဘက်တွင် မဟာဗျူဟာမြောက်လက်နက် ပံ့ပိုးသူအဖြစ် ပါကစ္စတန်၏အဆင့်အတန်းကို မြှင့်တင်ထားသည်။

ပါကစ္စတန်နှင့် အဇာဘိုင်ဂျန်ကြား သဘောတူညီချက်သည် စစ်ရေးအတိုင်းအတာအပြင် နိုင်ငံရေးအကျိုးစီးပွားများလည်း ပါဝင်နေသည်။ နှစ်နိုင်ငံစလုံးသည် နိုင်ငံတကာဖိုရမ်များတွင် အချင်းချင်း မယိမ်းယိုင်သော ပံ့ပိုးကူညီမှုများပေးခဲ့ကြသည်။ ပါကစ္စတန်သည် နာဂေါ်နို–ကာရာဘက်ပဋိပက္ခအပေါ် ၎င်း၏ရပ်တည်ချက်ကြောင့် အာမေနီးယားကို အသိအမှတ်မပြုဘဲ အဇာဘိုင်ဂျန်၏ နယ်မြေစိုးမိုးရေးကို စဉ်ဆက်မပြတ်ထောက်ခံခဲ့ပြီး အဇာဘိုင်ဂျန်သည်လည်း ဂျမ္မူနှင့် ကက်ရှ်မီးယားဒေသတွင် ပါကစ္စတန်၏ရပ်တည်ချက်ကို ထောက်ခံခဲ့သည်။ ဤသံတမန်ရေးရာပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြင့်ခရီးစဉ်သွားရောက်မှုများ၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ သဘောတူညီချက်၏ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ဖက်စပ်စက်မှုလုပ်ငန်း၊ အခြေခံအဆောက်အအုံ ပူးပေါင်း ဆောင်ရွက်မှု၊ ကာကွယ်ရေးထုတ်လုပ်မှုကို ဖြစ်နိုင်ခြေရှိသောဒေသအဖြစ် ပြောင်းလဲခြင်း၊ ရေရှည်မဟာဗျူဟာအပြန်အလှန်မှီခိုမှုတို့ကို ပိုမိုဖွဲ့စည်းတည်ဆောက်ခြင်းတို့ ပါဝင်သည်။

ဒေသတွင်း မတည်ငြိမ်မှုများမြင့်မားလာချိန်တွင် အဇာဘိုင်ဂျန်၏ JF–17 ကို ဝယ်ယူရေးသည် ကက်စ်ပီယံပင်လယ်ဒေသနှင့် တောင်ကော့ကေးဆပ်ဒေသများရှိ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ပထဝီနိုင်ငံရေးမတည်ငြိမ်မှုများကို တိုးမြင့်လာစေသည်။ ခေတ်မီပြီး စစ်ပွဲဆိုင်ရာသက်သေပြတိုက်ခိုက်ရေးစနစ်ကို လုံခြုံစေခြင်းဖြင့် အဇာဘိုင်ဂျန်သည် ၎င်း၏စစ်ဆင်ရေးဆိုင်ရာအဆင်သင့်ကို မြှင့်တင်ပေးပြီး အနာဂတ်ပဋိပက္ခအခြေအနေတွင် ၎င်း၏စေ့စပ်ညှိနှိုင်းရေးအနေအထားကို အားကောင်းစေသည်။ ပါကစ္စတန်အတွက် ဤသဘောတူညီချက်သည် ၎င်း၏ကာကွယ်ရေးကဏ္ဍအတွင်းသို့ ကြီးမားသောအရင်းအနှီးကို ဖြည့်တင်းရုံသာမက အစ္စလာမ်ကမ္ဘာတစ်ဝန်းနှင့် အခြားနိုင်ငံတစ်ဝန်းရှိ ဆော့ဖ်ပါဝါကိုဖော်ဆောင်ကာ ကာကွယ်ရေးပို့ကုန်များကို မဟာဗျူဟာမြောက် ဩဇာလွှမ်းမိုးမှုလက်နက်အဖြစ် အသုံးချခြင်းလည်းဖြစ်သည်။

အဇာဘိုင်ဂျန်လေယာဉ်မှူးများနှင့် နည်းပညာရှင်များကို လေ့ကျင့်သင်ကြားမှုများ ပြုလုပ်လျက်ရှိပြီး လာမည့်နှစ်အနည်းငယ်အတွင်း အဆင့်ဆင့်ပို့ဆောင်မှုများတွင် ဤအထင်ကရ လွှဲပြောင်းမှုကို လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ရသည်။ သဘောတူညီချက်သည် ၎င်း၏ပြည်တွင်းကာကွယ်ရေးကုန်ထုတ်လုပ်မှုစွမ်းရည်ကိုမြှင့်တင်ရန် မကြာသေးမီက စိတ်ဝင်တစားဖော်ပြခဲ့သည့် အဇာဘိုင်ဂျန်ရှိအလားအလာရှိသော ပူးပေါင်းထုတ်လုပ်ခြင်းအပါအဝင် အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအတွက် အခြေခံအုတ်မြစ်ကို ချပေးနိုင်သည်။


ပါကစ္စတန်–အဇာဘိုင်ဂျန် JF–17 သဘောတူညီချက်သည် ပြောင်းလဲနေသည့် ကမ္ဘာ့ကာကွယ်ရေးအခင်းအကျင်း၏ အားကောင်းသည့်သင်္ကေတအဖြစ် ရပ်တည်နေသည်။ အဆိုပါဖွံ့ဖြိုးဆဲနိုင်ငံများသည် မဟာမိတ်အသစ်များဖွဲ့ကာ ပြည်တွင်းထုတ်လက်နက်စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် မဟာဗျူဟာမြောက် ကာကွယ်ရေးသံခင်းတမန်ခင်းဖြင့် ဆက်ဆံရေးခိုင်မာစေသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းလေကြောင်းစွမ်းအားမျှခြေကိုပြောင်းလဲစေရုံသာမက ပါကစ္စတန်ကာကွယ်ရေးလုပ်ငန်းကို နိုင်ငံတကာဆက်စပ်မှုခေတ်သစ်သို့ မြှင့်တင်ပေးသည်။

ခြုံ၍ဆိုရလျှင် ပါကစ္စတန်သည် တရုတ်၊ ရုရှား၊ ပြင်သစ်နှင့် အမေရိကန်ထုတ်စစ်လက်နက်ပစ္စည်းများကို အသုံးပြုသည့်နိုင်ငံဖြစ်သည်။ အိန္ဒိယနှင့်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် စစ်လက်နက်ပစ္စည်းများပြတ်လပ်မှုက ပါကစ္စတန်ကို ပြည်တွင်း၌ ကာကွယ်ရေးပစ္စည်းဖူလုံစွာထုတ်လုပ်တပ်ဆင်ရေးကို တွန်းအားပေးမှုဖြစ်စေခဲ့ခြင်းဖြစ်သည်။ ယခုအခါ နည်းပညာမြင့်သည့် JF–17 တိုက်လေယာဉ်အစင်း ၄၀ ကျော်ကို နိုင်ငံတစ်ခုတည်းသို့ တစ်သုတ်တည်းရောင်းချမှုသည် အိန္ဒိယ၊ တောင်ကိုရီးယားတို့ထက်ပင် ကျော်လွန်ခဲ့သည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ပါကစ္စတန်ထုတ် အခြားစစ်လက်နက်ပစ္စည်းများသည် ဘဏ္ဍာငွေအကန့်အသတ်ဖြင့်သာ သုံးစွဲရသည့်နိုင်ငံများအတွက် အရင်းအမြစ်တစ်ခုဖြစ်လာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**– Pakistan Secures Largest Ever Defense Export Deal to Deliver 40 JF–17 Fighter Jets to Azerbaijan, Defense News, June, 2025**

**နေရှား(သုတေသန)**




(၁)

သူတို့နှစ်ဦး လက်ချင်းချိတ်လျက် ယှဉ်တွဲလမ်းလျှောက်လာကြသည်။ မျက်ဝန်းအိမ်များတွင် ဝမ်းနည်းဝမ်းသာအရိပ်အယောင်တို့သည် အရောင်အမျိုးမျိုးပြေးလွှားနေပြန်၏။ ဆောင်းနှင်းဝေနှင့် တန်ခူးမေသည် သူငယ်တန်းမှ ၁၀ တန်းထိတိုင် ကျောင်းအတူတူတက်ခဲ့ကြသော တစ်ရပ်ကွက်တည်းနေ ငယ်သူငယ်ချင်းများဖြစ်ကြသည်။ တက္ကသိုလ်အတူတူတက်ကြမည်ဟု ကြွေးကြော်ခဲ့ဖူးသော သူတို့၏ဆန္ဒများ မပြည့်မြောက်ခဲ့ပါ။ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ဆောင်းနှင်းဝေသာလျှင် တက္ကသိုလ်ဆက်တက်နိုင်၍ ကျရှုံးခဲ့သော တန်ခူးမေသည် မိသားစုစီးပွားရေးအဆင်မပြေမှုများကြောင့် နောက်တစ်နှစ်ထပ်မတက်နိုင်ပေ။ ယခုဆိုလျှင် တွဲသွားတွဲလာမရှိ၍ အနေပင် စိမ်းသွားလေသည်။

"ဟယ် နှင်းဝေ မတွေ့တာကြာပြီနော်။ ကျောင်းက ပြန်လာတာလား။ အခုရော ဘယ်နှစ်ရောက်ပြီလဲဟင်။ ဟိုတစ်နေ့ကတောင် အလုပ်ပိတ်လို့ သူငယ်ချင်းတို့အိမ် သွားလည်သေးတယ်။ နှင်းဝေ မရှိဘူးဆိုလို့ ပြန်ခဲ့ရတာ"

တန်ခူးမေသည် ငယ်သူငယ်ချင်းနှင့်လမ်းတွင် တွေ့ဆုံသောကြောင့် ဝမ်းသာအားရနှုတ်ဆက်မိသည်။ သို့သော် သူ၏ ဟောင်းနွမ်းနေသောအင်္ကျီအဝတ်အစားကို ခြေဆုံးခေါင်းဆုံးကြည့်၍ ဆောင်းနှင်းဝေ မျက်နှာရှုံ့မဲ့သွား၏။ မျက်နှာချင်းဆိုင် တွေ့ဆုံသောကြောင့် ရှောင်လွှဲမရ၍ စကားပြန်ပြောလိုက်ရသည်။

"ငါ့အမေ ပြန်ပြောပြပါတယ်။ အဲဒီနေ့က သူငယ်ချင်းအိမ်မှာ စာအတူတူသွားကျက်တာလေ။ ငါက ဂုဏ်ထူးတန်းတက်နေရတာဆိုတော့ စာကျက်နေရတာနဲ့ မအားဘူးလေ။တန်ခူးကိုတော့အားနာပါတယ်။ နောက်ဆို ကိစ္စမရှိရင် ငါ့အိမ်မလာပါနဲ့။ တစ်မျိုးတော့ မထင်နဲ့နော်။ စာမေးပွဲက နီးပြီဆိုတော့ ဧည့်သည်လာရင် ငါစာကျက်ရတာ အဆင်မပြေလို့ပါ"

"ဩော်...အင်းပါ သူငယ်ချင်းရယ်။ တန်ခူးကလဲ မတွေ့ရတာ ကြာပြီဆိုတော့ အလုပ်ပိတ်တာနဲ့ လာလည်မိတာပါ"

"ခုရော နင်ဘာတွေ လုပ်နေတာလဲ"

"ငါလား အခုထိတော့ ခေါက်ဆွဲခြောက်စက်ရုံမှာပဲ အလုပ်လုပ်နေတာလေ။ အဆင်တော့ မပြေပါဘူးဟာ။ တန်ခူးရဲ့ မောင်လေးကလဲ နောက်နှစ်ဆို ၁၀ တန်းတက်တော့မှာဆိုတော့ အခုကတည်းက ပိုက်ဆံတွေ ကြိုစုနေရတာလေ။ ဒါပေမဲ့ ရတဲ့ပိုက်ဆံနဲ့ အမေ့ဆေးဖိုးနဲ့ မကာမိပါဘူး သူငယ်ချင်းရယ်"

"အင်းပါ နင်တို့မိသားစု အဆင်ပြေပါစေလို့ ဆုတောင်းပေးပါတယ်ဟာ။ ကဲ ငါသွားတော့မယ်နော်"

ထိုသို့နှုတ်ဆက်၍ ဆောင်းနှင်းဝေဆိုသော ငယ်သူငယ်ချင်းမလေး ထွက်ခွာသွား၏။ ငွေဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြောင်းလဲသွားသော ထိုသူငယ်ချင်းကိုကြည့်၍ ကျန်ရစ်ခဲ့သူတန်ခူးမေသည် စိတ်မကောင်းခြင်းများစွာနှင့်သာ ကျန်ရစ်ခဲ့သည်။

(၂)

"ကောင်မလေး မင်းက ရုပ်ရည်ဖြောင့်သားပဲ။ ဦးတို့ဆိုင်မှာ အလုပ်လာလုပ်ပါလား။ အခုရနေတဲ့ လစာထက် သုံးဆပိုပေးမယ်လေ။ မင်းအရည်အချင်းပေါ်မူတည်ပြီး အပိုဆုလဲ ပေးအုံးမှာ"

"ဦးက ဘယ်သူလဲ။ သမီးက မိကောင်းဖခင် သားသမီးရှင့်။ ဦးပြောတဲ့အလုပ်ကိုလဲ လက်မခံနိုင်ဘူး"

"ဦးတို့ဘီယာဆိုင်မှာ အရက်ငှဲ့တာလေးပဲ လုပ်ပေးရုံပါ။ သမီးဘက်က စဉ်းစားကြည့်ပါ။ စိတ်ဝင်စားတယ်ဆို ဒီဖုန်းနံပါတ်ကို ဆက်သွယ်လိုက်နော်"

မယူပါဟု ခေါင်းခါငြင်းသော်လည်း တန်ခူးလက်ထဲသို့ ထိုလူကြီး၏ လိပ်စာကတ် အတင်းထိုးထည့်ပေးသွားသည်။ သူသွားနေကျလမ်းတွင် မည်သည့်အချိန်မှစတင်၍ အကဲခတ်နေမှန်းမသိသော်လည်း ယခုအချိန်၌ ထိုသူ၏ဆိုင်တွင် အလုပ်လုပ်ရန် ကမ်းလှမ်းလာ၏။ စိတ်ရှုပ်ထွေးခြင်းများစွာနှင့် ထိုလိပ်စာကတ်လေးကို ပိုက်ဆံအိတ်ထဲသို့ ထိုးထည့်လိုက်သည်။

"အဟွတ် အဟွတ်"

ခြံပေါက်ဝသို့ရောက်သည်နှင့် မိခင်ဖြစ်သူ၏ ကြိုဆိုနေသော ချောင်းသံကြောင့် တန်ခူးရင်ထဲ အမောဆို့သွား၏။ အိမ်ပေါ်သို့ အပြေးတစ်ပိုင်းဖြင့် လှမ်းတက်မိသည်။

"မေမေ သက်သာရဲ့လား။ ဆေးသောက်လိုက်ပါအုံး"

မိခင်ဖြစ်သူကို တွဲထူပေး၍ ဆေးတိုက်ရသည်။ တစ်ရက်စာသာလျှင် သောက်ရန်ကျန်တော့သည့် ဆေးထုပ်များကိုမြင်သောအခါ တန်ခူးမေရင်ထဲနင့်ခနဲဖြစ်ရပြန်၏။ ထိုအချိန်၌ မောင်လေးနှင့် ညီမလေးတို့ ကျူရှင်မှပြန်လာကြသည်။ ညီမလေးသည် မိခင်နားသို့လာ၍ နှိပ်နယ်ပေးရှာ၏။ မောင်ငယ်ဖြစ်သူကတော့ မျက်နှာမကောင်း နောက်ဖေးမီးဖိုချောင်သို့ ဝင်သွားသည်။ ထို့ကြောင့် တန်ခူးလိုက်ဝင်သွား၍ မောင်လေးဖြစ်သူကို မေးမြန်းရ၏။

"မောင်လေး မျက်နှာလဲ မကောင်းပါလား။ ဘာဖြစ်လို့လဲ။ ကျူရှင်မှာ ဆရာအဆူခံရလို့လား။ ဒါမှမဟုတ် ဘယ်သူနဲ့ ဘာဖြစ်ခဲ့လို့လဲ"

"သားသူငယ်ချင်းတွေရဲ့ မိဘတွေက နောက်နှစ် ၁၀ တန်းကျူရှင်ကိစ္စကို ကြိုတင်စီစဉ်နေကြပြီ။ မမရော သားအတွက် ဘယ်လိုစီစဉ်ထားလဲဟင်"

သူ့ခေါင်းထဲ ဒိန်းခနဲ အသံမြည်ဟိန်းသွားသည်။ ဖခင်ကွယ်လွန်သည့်အချိန်မှစ၍ ၁၀ တန်းပင် ပြန်မတက်ဘဲ အိမ်အတွက် ဦးဆောင်လုပ်ကိုင်ခဲ့၏။ သို့သော် သူ၏လစာသည် မိခင်၏ဆေးဖိုး၊ အိမ်အသုံးစရိတ်များနှင့်ပင် လုံးချာလည်နေသည်။ ယခု ၁၀ တန်းကျူရှင်ကိစ္စ မည်သို့ဆောင်ရွက်ရမည်နည်း။ သူ့ကဲ့သို့ ကျူရှင်ကောင်းကောင်းမယူနိုင်ခဲ့၍ ၁၀ တန်းကျခဲ့ရသည့်အဖြစ်မျိုး ထပ်မဖြစ်စေချင်။ မောင်လေးကိုတော့ ဂုဏ်ထူးများဖြင့် နှစ်ချင်းပေါက်အောင်မြင်စေချင်သည်။ ထို့ကြောင့် ပိုက်ဆံအိတ်ထဲမှ လိပ်စာကတ်လေးကိုဆုပ်ကိုင်ကာ လမ်းထိပ်ဖုန်းဆိုင်သို့ ခြေလှမ်းစလိုက်မိသည်။ သူ၏ ရွေးချယ်မှု မှန်သလား၊ မှားသလား မစဉ်းစားချင်တော့ပါ။

(၃)

"အိမ်ရောက်ရင် ဘာကျွေးမှာလဲ"

"အမယ်လေး နင်တို့စားချင်တာသာ ပြောလိုက် အကုန်ကျွေးမှာပေါ့"

"ဆောင်းနှင်းဝေတို့ စိတ်ကောင်းနေတယ်ဟေ့။ သူ့အိမ်ရောက်ရင် အပြတ်ဆွဲကြတာပေါ့"

တက္ကသိုလ်မှသူငယ်ချင်းများသည် ဆောင်းနှင်းဝေအိမ်သို့ လိုက်လည်ကြသည်။ တိုက်ဆိုင်ပြန်၍ တန်ခူးမေနှင့် ဆုံတွေ့မိကြ၏။

"နှင်းဝေ ကျောင်းကပြန်လာတာလား။ မတွေ့တာတောင် အတော်ကြာပြီနော်။ ငါ့သူငယ်ချင်း ပိုပိုလှလာလိုက်တာ။ ဒါနဲ့ ဘွဲ့ယူပြီးပြီဆို အခုက ဘာထပ်တက်နေသေးတာလဲဟင်"

"ဂုဏ်ထူးဘွဲ့တစ်ခုတော့ရပြီးပြီ။ အခုက မဟာဘွဲ့အတွက် ကျောင်းဆက်တက်နေတာ။ ၁၀ တန်းတောင် မအောင်ခဲ့တဲ့နင်က ဒီဘွဲ့တွေအကြောင်းတော့ သိမှာမဟုတ်ပါဘူးလေ"

ငွေဂုဏ်၊ ပညာဂုဏ်မောက်နေသော ဆောင်းနှင်းဝေသည် တန်ခူးမေကို ထိုစကားလုံးများဖြင့် နှိမ့်ချပြောဆိုဆက်ဆံလိုက်သည်။ ထို့ပြင် သူ၏ လည်ဟိုက်အင်္ကျီနှင့် ဒူးပေါ်စကပ်တိုကိုကြည့်၍ ရွံရှာသောအမူအရာဖြင့် နှာခေါင်းရှုံ့လိုက်၏။

"သူငယ်ချင်းတို့ ဟိုရှေ့က မုန့်ဆိုင်မှာ ကြိုက်တာသွားဝယ်။ သူနဲ့စကားပြောပြီးရင် နှင်းဝေလာရှင်းပေးမယ်"

ထိုစကားလုံးများဖြင့် တက္ကသိုလ်မှသူငယ်ချင်းများကို ပထုတ်လိုက်သည်။ ထို့နောက် တန်ခူးမေဆီသို့ အကြည့်စူးစူးဖြင့် ဝင့်ခနဲထောင်လွှားကြည့်၏။

"ဒီမှာ တန်ခူးမေ။ နင် ငါသိက္ခာကျအောင်လာလုပ်နေတာလား"

"ဟင် ငါဘာများလုပ်မိလို့လဲ နှင်းဝေရယ်"

"နင့်ပုံစံလဲ ပြန်ကြည့်လိုက်အုံး။ နင်မို့လို့ အရှက်သိက္ခာမဲ့ပြီး ဘီယာဆိုင်မှာသွားလုပ်ရတယ်လို့။ ရပ်ကွက်ထဲမှာလဲ နင့်သတင်းတွေက မွှေးနေတာပဲ။ ငါ နင်နဲ့သူငယ်ချင်းဖြစ်ခဲ့မိတာ သိပ်ရှက်တာပဲ။ ငါ့လို မဟာဘွဲ့ရတော့မဲ့ ပညာတတ်တစ်ယောက်နဲ့ နင့်လို အဆင့်သိက္ခာမရှိတဲ့ ဘီယာဆိုင်က အပျော်မယ်နဲ့ ဘယ်လိုမှ သူငယ်ချင်းဖြစ်နိုင်စရာ အကြောင်းမရှိတော့ဘူး။ ငါပြောတာ ရှင်းတယ်နော်။ နောက်နောင် ငါ့ကိုနှုတ်မဆက်ပါနဲ့။ နင့်ရဲ့နှုတ်ဆက်သံကြားရတာ ငါရှက်လွန်းလို့ပါ တန်ခူးမေရယ်"

"နင်ဘယ်လို ပြောလိုက်တာလဲ သူငယ်ချင်းရယ်။ ငါက မိသားစုကို ပံ့ပိုးပေးနိုင်ဖို့အတွက် မဖြစ်မနေ အခြေအနေတစ်ခုမို့ ဘီယာဆိုင်မှာအလုပ်ဝင်ခဲ့တယ်။ ငါ့ညီမလေးကလဲ လေးတန်းတက်နေတယ်။ ပြီးတော့ ငါ့မောင်လေးကိုလဲ ၁၀ တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ပါစေဆိုပြီး ကျူရှင်ကောင်းကောင်းထားပေးချင်လို့ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှုတ်ချမှုကို အံတုပြီး ဒီအလုပ်ကို ငါရွေးချယ်ခဲ့တာ။ ဒါပေမဲ့ သူများယုံချင်ယုံမယုံချင်နေ ငါ့ရဲ့ကိုယ်ကျင့်တရားက ဘယ်တော့မှမပျက်စီးဘူး။ ဘဝပေးအခြေအနေကြောင့် ဘီယာဆိုင်မှာ အလုပ်ဝင်လုပ်နေပေမဲ့ ငါက မိန်းမပျက်တစ်ယောက် မဟုတ်ဘူး နှင်းဝေ"

"အိုး နင့်ဘာသာ အဲဒီမှာ ကြွေးကြော်နေလိုက်လေ။ ငါကတော့ အယုံအကြည်မရှိဘူး"

ထိုသို့ပြော၍ထွက်ခွာသွားသော ဆောင်းနှင်းဝေ၏ ကျောပြင်ကိုကြည့်ကာ တန်ခူးမေရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ မဖိတ်ခေါ်သော်လည်း မျက်ရည်တစ်ပေါက် ကြွေဆင်းသွားရ၏။ အဖြူအစိမ်းဝတ်ကျောင်းသူဘဝတွင် လက်ချင်းချိတ်လျက် သွားအတူလာအတူပေါင်းသင်းခဲ့သော ငယ်သူငယ်ချင်းသည် ကာလာစုံတက္ကသိုလ်တွင် အရောင်ပြောင်းသွားခဲ့သည်။ ဆင်းရဲသားကို ငွေဂုဏ်ဖြင့် ဖိနှိပ်ကြသည်။ ပညာမဲ့သူကို ပညာဂုဏ်ဖြင့် ဖိနှိပ်တတ်ခြင်းသည် လောကသဘာဝများလားဟု ကြွေးကြော်မေးလိုက်ချင်၏။

(၄)

ရှေ့တွင်ရှိနေသော အအေးခွက်နှစ်ခွက်ကို ကြည့်ကာ ရဲသွေးပြုံးလိုက်သည်။ ထို့နောက် တစ်ခွက်ကို အရန်သင့်ပါလာသော အင်္ကျီအိတ်ထဲမှ အဖြူရောင်ဆေးမှုန့်များ ထည့်လိုက်၏။

"ဟဲ့ ရဲသွေး နင်ဒီမှာ ဘာလုပ်နေတာလဲ"

တံခါးပေါက်ဝမှ ထွက်ပေါ်လာသော အသံစူးစူးနှင့်အတူ ဘီယာဆိုင်၏အခန်းထဲသို့ ဆောင်းနှင်းဝေ ဝင်လာသည်။

"အဖေနဲ့ရန်ဖြစ်ပြီး စိတ်ညစ်လို့ အိမ်ပေါ်ကဆင်းလာပါတယ်ဆိုမှ နှင်းဝေကလဲ ကိုယ့်ကိုဆိုဆူဖို့ပဲသိတယ်"

"မဆူလို့ မရဘူးလေ။ နင် အခုလို ဆင်းလာတော့ မဟာဘွဲ့အတွက်က ဘယ်လိုလုပ်မှာတုံး။ နင်နဲ့ငါ မဟာဘွဲ့ပြီးမှ အိမ်ကိုဖွင့်ပြောပြီး လက်ထပ်ကြမယ်လို့ သဘောတူထားတာလေ။ အခုတော့ နင်က လမ်းသရဲပုံစံမျိုးနဲ့ လျှောက်သွားမယ်ပေါ့။ အဲဒီလိုလူကို ဆောင်းနှင်းဝေတို့က စိတ်ကူးထဲတောင် မထည့်ဘူးနော်"

"ဟုတ်ပါပြီကွာ။ ကိုယ့်ရည်းစားက ဒီလောက်တောင်စိတ်ဆိုးနေမှဖြင့် အိမ်ပဲ ပြန်လိုက်ပါ့မယ်။ စိတ်မဆိုးနဲ့တော့နော် နှင်းဝေ"

"အိမ်ပြန်မယ်ဆို ပြီးတာပဲ"

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၆၀၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၅၅၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မိုးနှမ်း ၁၆၀၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၃၅၅၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် မိုးနှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံနှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သဲကုန်းမြို့နယ် ကျွဲပလုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**သဲကုန်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွဲပလုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဖြင့် ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ကျွဲပလုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

## တို့နိုင်ငံအတွက်

\- နိုင်ငံတော် အေးချမ်းမှ
အားလုံးက အဆင်ပြေ
စည်းလုံးပါလေ၊
သွေးကွဲခြင်း အပြုအမူတွေ
ရှောင်ပါစေ ညီနောင်များ၊
အမိနိုင်ငံ အန္တရာယ်ကင်းဖို့
ဆောင်ကြဉ်းစို့လား။

\- နိုင်ငံတော် ဖွံ့ဖြိုးရေး
ပါဝင်ပေး တို့ပြည်သူ
စိတ်ထားလည်းဖြူ၊
နိုင်ငံသားတို့ အတူတူ
တာဝန်ယူ ထမ်းဆောင်မှ၊
ရွှေပြည်သည် နေရည်ဖြိုးမည်
တိုးတက်လှပ။

\- နိုင်ငံတော် ကာကွယ်ရေး
သွေးမအေး ကြိုးစားပါ
မျိုးချစ်မြန်မာ၊
အနာဂတ် ပန်းတိုင်သာ
ရောက်ဖို့ရာ အတူလက်တွဲ၊
အဖျက်ရန် ပူးပေါင်းရှင်းတော့
ကောင်းခြင်းတွေမြဲ။

**မောင်စစ်သွေး**

➢ စာမျက်နှာ ၂၄ မှအဆက်

"ကဲ ကိုယ့်ဆီ ဒေါ်ကြီးမောကြီးနဲ့လိုက်လာရလို့ မောသွားရှာပြီ။ ကိုယ်တို့ အအေးသောက်ပြီးမှ ပြန်ကြတာပေါ့"

ဆောင်းနှင်းဝေဆီသို့ အအေးတစ်ခွက်ထိုးပေးနေသောကြောင့် ချစ်သူစိတ်ကျေနပ်စေရန် တစ်ခါတည်းမော့သောက်လိုက်သည်။ မြန်မြန်ကုန်မြန်မြန်အိမ်ပြန်စေချင်သော ရည်ရွယ်ချက်ဖြင့်သာ။ သို့သော် သူ့ခေါင်းထဲ၌ ထုံကျင်ကိုက်ခဲမူးဝေလာသော ဝေဒနာတစ်ရပ်ကို ချက်ချင်းခံစားလိုက်ရ၏။

"ကျွတ် ကျွတ် အား ခေါင်းမူးလာသလိုပဲ။ ရဲသွေး ငါတို့ပြန်ရအောင်"

နှုတ်မှပြန်ရအောင်ဟု ပြောနေသော်လည်း လက်တွေ့တွင် သူမထ နိုင်တော့ပါ။ ထို့ကြောင့် ရဲသွေးက ဝိုင်းထူတွဲပေးကာဖြင့် သူခေါ်သော နေရာသို့ ယိုင်တိုင်တိုင်နှင့်ပါသွား၏။ အခန်းတစ်ခန်းထဲမှ ဒယိမ်းဒယိုင် ဖြစ်နေသောကောင်မလေးကို တွဲထုတ်သွားသော ထိုစုံတွဲကို တန်ခူးမေ အမှတ်တမဲ့ လှမ်းမြင်လိုက်သည်။ သို့သော် သူ့မျက်လုံးများ မှားလေသလား။ ဇဝေဇဝါဖြစ်လျက် အတွေးများစွာနယ်ချဲ့နေစဉ် ထိုစုံတွဲသည် ဆိုင်ပြင်သို့ရောက်ရှိ၍ ကားပေါ်တက်ကြတော့မည်။ မယုံချင်သော်လည်း တိကျသောအဖြေတစ်ခုအတွက် သက်သေပြုချင်သည်။ ထို့ကြောင့် သူ၏ခြေလှမ်းတို့သည် ထိုကားရှိရာ ဆိုင်အပြင်သို့ ဦးတည်လိုက်၏။

(၅)

"အား ကျွတ် ကျွတ်"

"ဟယ် သမီးလေး သတိရလာပြီလား"

ကိုက်ခဲနေသော သူ့ခေါင်းကြောင့် မျက်လုံးမဖွင့်ချင်ပါ။ သို့သော် ကြားလိုက်ရသော မိခင်၏စိုးရိမ်သံကြောင့် အားယူဖွင့်လိုက်မိသည်။ သူ၏မိသားစုနှင့် တန်ခူးမေတို့မိသားစုလည်း ရောက်ရှိနေကြသည်။ ထပ်မံ၍ သက်ဆိုင်ရာလူကြီးများပါရောက်ရှိနေ၍ ဆောင်းနှင်းဝေတို့ အိမ်၌ လူစုံနေကြသည်။ သူသည် နားမလည်သောမျက်ဝန်းအကြည့်တို့ဖြင့် မိခင်ဖြစ်သူထံသို့ လှမ်းကြည့်၏။

"အမေ သမီး ဘာတွေဖြစ်ခဲ့တာလဲဟင်"

"သမီးလေး ဘာမှမမှတ်မိတော့ဘူးလား။ သမီးတွဲနေတဲ့ကောင်လေးက မူးယစ်ဆေးစွဲနေတာလေ။ အခုလဲ သမီးဝတ်ထားတဲ့ ရွှေတစ်ဆင်စာ ဖြုတ်ယူပြီး အမေ့သမီးလေးဘဝကိုပါ နင်းခြေဖို့ကြိုးစားခဲ့တာလေ။ အဟင့် အီးဟီး"

ဆောင်းနှင်းဝေ၏မိခင်သည် ကြိတ်မနိုင်ခဲမရ ဝမ်းနည်းခြင်းများစုပုံကာဖြင့် အော်ငိုတော့သည်။ တန်ခူးမေ၏မိခင်က အားပေးနှစ်သိမ့်ပေးရှာ၏။ ထိုအချိန်မှ ရပ်ကွက်လူကြီးများလည်း ပြန်ကြတော့သည်။

"ကဲ ဒေါ်ဝေရေ သမီးဖြစ်သူလဲ သတိရလာပြီဆိုတော့ ကျွန်တော်တို့လဲ ပြန်တော့မယ်ဗျာ"

"ဩော်... ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

မည်သည့်ကိစ္စများဖြစ်ခဲ့ပါသနည်း။ သူ့အာရုံ၊ သူ့အတွေးများ သူ့ဦးနှောက်များကို အလုပ်ပေးတော့သည်။ မနေ့ညက ရဲသွေးခေါ်၍ ဘီယာဆိုင်တစ်ဆိုင်သို့ သူလိုက်သွားခဲ့သည်။ ထို့နောက် ရဲသွေးတိုက်သောအအေးကိုသောက်၍ သူဘာမှမသိတော့ချေ။ ရင်ထဲတွင် ဝမ်းနည်းခြင်းများစွာနှင့် နင့်ခနဲခံစားလိုက်ရသည်။ သူ့ဘဝ ရေစုန်မျောခဲ့လေသလား။

"အမေ သမီး သမီးဘဝ သွားပြီလားဟင်။ သမီး ရဲသွေးလက်ထဲမှာ ဘဝပျက်ခဲ့ပြီလား။ သမီး လုံးဝမသိခဲ့ဘူး။ သူနဲ့သမီးက မဟာတန်းကျောင်းတက်နေတာ။ ပညာတတ်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် မူးယစ်ဆေးသုံးလိမ့်မယ်လို့ လုံးဝမထင်ထားခဲ့မိဘူး။ အခုတော့ သမီးဘဝ အဟင့်"

"အမေ့သမီးလေး ဘာမှမဖြစ်ခဲ့ဘူး။ သမီးရဲ့အရှက်ကို တန်ခူးလေးက အချိန်မီ ကာကွယ်ပေးနိုင်ခဲ့တာ"

ငိုယိုနေသော သမီးဖြစ်သူ၏ မျက်ရည်များကိုသုတ်ပေးကာ ပြောလိုက်၏။ ဆောင်းနှင်းဝေသည် မိခင်ပြောသည့်စကားကို နားမလည်။ မိခင်ဘက်သို့ လှည့်ကြည့်လိုက်၊ တန်ခူးမေဘက်သို့ လှည့်ကြည့်လိုက်ဖြင့် အတွေးများစွာ နယ်ချဲ့နေတော့သည်။ ထို့ကြောင့် သူ၏မိခင်ဒေါ်ဝေက ဖြစ်ကြောင်းကုန်စင် ပြန်လည်ရှင်းပြရ၏။

"မနေ့က တိုက်တိုက်ဆိုင်ဆိုင် တန်ခူးမေတို့ဆိုင်ကို သမီးနဲ့ အဲဒီကောင်လေးရောက်ခဲ့ကြတာလေ"

ထိုအချိန်မှ သူရောက်ရှိခဲ့သောဘီယာဆိုင်သည် တန်ခူးမေအလုပ်လုပ်နေသောဆိုင်မှန်း သိရသည်။

"အဲဒီကောင်လေး မူးယစ်ဆေးစွဲနေတာကို အိမ်ကမိဘတွေသိသွားတဲ့အခါ ပြဿနာတွေတက်ပြီး အိမ်ပေါ်က ဆင်းလာတာလေ။ ဆေးရှူဖို့ ငွေပြတ်နေတာနဲ့ပဲ သမီးလေးကိုလိမ်ခေါ်ပြီး အအေးထဲမှာ ဆေးခတ်ပြီး အမေ့သမီးလေးရဲ့ဝတ်ထားတဲ့ လက်ဝတ်ရတနာတွေကို ဖြုတ်ရောင်းဖို့ ကြံစည်ခဲ့တာပဲ။ ကားပေါ်တင်ခေါ်သွားတဲ့ သမီးလေးကို တန်ခူးမေက တွေ့တာနဲ့တက္ကစီငှားပြီး ချက်ချင်းလိုက်သွားခဲ့တာလေ။ ပြီးတော့ မေမေတို့ကိုလဲ အချိန်မီအကြောင်းကြားပေးနိုင်ခဲ့လို့ အခုလို ဘေးမသီရန်မခဘဲ အိမ်ပြန်ရောက်နိုင်ခဲ့တာ။ အရာအားလုံးဟာ သမီးရဲ့ငယ်သူငယ်ချင်း တန်ခူးမေရဲ့ ကျေးဇူးကြောင့်ပါကွယ်"

မဟာတန်းတက်ရောက်နေသော ပညာတတ်တစ်ယောက်ဖြစ်သောကြောင့် သူအထင်ကြီးခဲ့သည်။ တက္ကသိုလ်မှသူငယ်ချင်းများ၏ အောင်သွယ်ကောင်းမှုကြောင့် ရဲသွေးအကြောင်းစုံစမ်းခြင်းမရှိဘဲ အချိန်တိုအတွင်း၌ပင် ရည်းစားဖြစ်ခဲ့ကြသည်။ ပညာဂုဏ်မောက်ခဲ့သည့် အချိန်၌ တန်ခူးအပေါ် ပြောဆိုဆက်ဆံခဲ့သည်များကို ပြန်တွေးရင်းဖြင့် သူ့ရင်ထဲနာကျင်လာရသည်။

"သူငယ်ချင်း ငါ ငါမှားသွားပြီ တောင်းပန်ပါတယ်။ ငါက ဘွဲ့တွေယူနိုင်ခဲ့တာကို ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး ပညာဂုဏ်မောက်ခဲ့တယ်။ တကယ်တော့ နင်က ၁၀ တန်းမအောင်ခဲ့ပေမဲ့ နင့်ရဲ့ ကိုယ်ကျင့်သိက္ခာက ငါ့ထက်ပိုပြီး အဆင့်အတန်းမြင့်ပါတယ် တန်ခူးရယ်"

"လူ့သဘာဝအရ ဒီလိုဖြစ်တတ်တာမို့ ငါခွင့်လွှတ်ပါတယ်။ ငါက အတန်းပညာမဲ့ပေမဲ့ ငါ့ရဲ့ အတွင်းစိတ်နှလုံးက ဘယ်သောအခါမှ မညှိုးနွမ်းခဲ့ပါဘူး သူငယ်ချင်းရယ်"

ငယ်သူငယ်ချင်းနှစ်ဦး၏ ဝမ်းနည်းဝမ်းသာမျက်ရည်များ စီးကျလာ၍ တစ်ဦးနှင့်တစ်ဦး ဖက်တွယ်ငိုမိတော့သည်။ ငွေဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ်တို့ကြောင့် ထိုသူတို့၏ နှလုံးသားတစ်စုံ မညှိုးနွမ်းပါစေနှင့်ဟု တန်ခူးစိတ်ထဲ တောင်းဆုခြွေလိုက်၏။

ခရီးသွားဆောင်းပါး

# မောက်မယ်မြို့အဝင်ပျော်ရွှင်ရွှင် ဒုက္ခတွေပျောက်ခရီးရောက်

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်မှာ လင်းခေးမြို့ကို ရောက်ရှိလှေ့လာလည်ပတ်ခဲ့ကြပြီး ရှေ့ခရီးအဖြစ် မောက်မယ်မြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြပါပြီ။ မြေပုံထဲမှာဖော်ပြထားချက်အရ လင်းခေးနဲ့ ဝမ်ဟတ်ဆိုတဲ့ရွာကြီးကို ၁၃ မိုင်၊ ဝမ်ဟတ်ကနေ မောက်မယ်မြို့ကို ၁၃ မိုင်လို့ ဖော်ပြထားတာကြောင့် လင်းခေးနဲ့မောက်မယ်က ၂၆ မိုင်တိတိ ကွာဝေးနေသလို ဝမ်ဟတ်ရွာက မြို့နှစ်မြို့ရဲ့ အလယ်မှာတည်ရှိနေပါတယ်။ လင်းခေးကနေထွက်လာခဲ့ပြီး မကြာခင်မှာ ကြည်လင်နေတဲ့အစိမ်းရောင်ရေတွေ၊ နောက်ကျိနေတဲ့အဝါရောင်ရေတွေ တသီးတခြားနဲ့ ပေါင်းစည်းမသွားဘဲ ထူးထူးခြားခြား စီးဆင်းနေတဲ့ချောင်းကြီးကို မြင်တွေ့ခဲ့ရသလို တစ်ဖက်ကတောင်ကမ်းပါး၊ တစ်ဖက်ကချောက်ကမ်းပါး အန္တရာယ်များတဲ့ခရီးလမ်းကိုလဲ တွေ့ကြုံမောင်းနှင်လာခဲ့ရပါတယ်။ လမ်းတစ်လျှောက်လုံးမှာတော့ ရွာစဉ်ရွာတန်းတွေ မရှိသလောက်ပြတ်လပ်နေပြီး အသွားအလာတွေလဲ ရှင်းလင်းနေတယ်။

ဒီလိုအခြေအနေမှာ ကားကိုလဲ ဂရုစိုက်မောင်းနှင်ရင်း၊ ခရီးဖော်တွေနဲ့လဲ စကားပြောရင်းနဲ့ တစ်နေရာအရောက်မှာ ကားဒိုင်ခွက်မှာပြသနေတဲ့ မီးတွေမလင်းတော့တာကို သတိထားလိုက်မိတယ်။ ဒိုင်ခွက်ထဲမှာ ပြသပေးနေတဲ့ မီးတွေထဲမှာ တချို့အချက်ပြမီးတွေက အရေးကြီးကြသလို ဒီမီးတွေကိုကြည့်ပြီး မောင်းနှင်နေရတာတွေရှိတယ်။ အမြန်နှုန်းကီလိုမီတာအချက်ပြမီး၊ ဆီဂိတ်မီး၊ အပူချိန်ပြမီးတွေက မရှိမဖြစ်လိုအပ်နေပါတယ်။ အခုချိန်မှာ ဒီမီးတွေအားလုံးက မလင်းကြတော့ပါဘူး။ ဒါကြောင့် ကားကိုလမ်းဘေးချရပ်လိုက်ပြီး စက်ကိုလဲရပ်လိုက်တယ်။ မိမိအထင်က ကားစက်ကိုပြန်နှိုးလိုက်ရင် ဒိုင်ခွက်မီးတွေ ပြန်ပေါ်လာမယ်လို့ ထင်လိုက်မိတာပါ။ ဒါပေမဲ့ ကားစက်ကိုပြန်နှိုးလိုက်တဲ့အခါ စက်ကနိုးနေပေမဲ့ ဒိုင်ခွက်မီးတွေက လင်းမလာကြပါဘူး။ ဒီလိုနဲ့စက်ကို ရပ်လိုက်ပြန်နှိုးလိုက်နဲ့ သုံး၊ လေးကြိမ်လောက် စမ်းသပ်ပေမဲ့ အကြောင်းထူးမလာတာကြောင့် ရှေ့ခရီးကို ဒိုင်ခွက်မီးတွေမလင်းရင်လဲနေပါစေ၊ ဒီအတိုင်းပဲ ဆက်လက်မောင်းနှင်မယ်ဆိုပြီး ကားထွက်ဖို့ဂီယာ ထိုးလိုက်တဲ့အခါ ဂီယာကလဲထိုးလို့မရတော့တဲ့ အခြေအနေနဲ့ ရင်ဆိုင်ကြုံတွေ့ရတော့တယ်။

ဒီအချိန်မှာ ဒိုင်ခွက်မီးတွေမလင်းတာက အရေးမကြီးတော့ဘဲ ဂီယာထိုးလို့ရဖို့က ပိုမိုလိုအပ်အရေးကြီးနေတာကြောင့် အကြိမ်ကြိမ်ကြိုးစားနေပေမဲ့ ဘယ်လိုမှ ထိုးလို့မရတော့သလို ကားကိုရှေ့ဆက်မောင်းနှင်လို့လဲ မရတော့ပါဘူး။ ဒ့ါပြင် သူငယ်ချင်းကိုသိန်းဝင်းက ကားမှန်ကိုတင်လို့မရတော့ဘူးဆိုလို့ မိမိဘက်မှာရှိနေတဲ့ ကားမှန်ခလုတ်ကို အတင်အချစမ်းသပ်ကြည့်တဲ့အခါ ဘာလှုပ်ရှားမှုမှမရှိတော့ပါဘူး။ လက်ရှိအခြေအနေမှာ ကားကစက်သာနိုးပြီး ဒိုင်ခွက်မီးတွေလဲမလင်းတော့၊ ဂီယာလဲထိုးမရ၊ ကားမှန်တွေလဲအတင်အချမရ၊ ပါဝါခလုတ်တွေ အလုပ်မလုပ်နိုင်ကြတော့သလို ဖြစ်နေပါပြီ။ အချိန်က ညနေ ၃ နာရီဝန်းကျင်ပါ။ နေရာက ကားပြင်ဆိုင်တွေနဲ့ အလွန်ဝေးတဲ့လမ်းခုလတ်တစ်နေရာမှာပါ။ မိမိကိုယ်တိုင်ကလဲ ကားကိုသာကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်နေပြီး ကားရဲ့စက်ကိရိယာအစိတ်အပိုင်းအကြောင်းတွေ၊ ပြင်ဆင်မှုအတတ်ပညာတွေ ဘာဆိုဘာမှ မသိတာကြောင့် အကူအညီရလိုရငြား လမ်းပေါ်မှာ မောင်းနှင်လာကြမဲ့ တခြားကားတွေကိုသာ စောင့်မျှော်နေရတော့တယ်။

ပထမဦးဆုံးမောင်းနှင်လာပြီး တွေ့ရှိရတာက ကားမဟုတ်ဘဲဆိုင်ကယ်လေးတစ်စီးပါ။ လက်ပြတားပြီး အကူအညီတောင်းကြည့်တော့ ဒီနားမှာ အနီးဆုံးရွာအဖြစ် ရှေ့ဆက်သုံးမိုင်အကွာမှာရှိနေတဲ့ ဝမ်ဟတ်ရွာဖြစ်ကြောင်း၊ ဝမ်ဟတ်ရွာ လူမှုကူညီရေးအသင်းမှာ အကူအညီတောင်းလို့ရနိုင်ကြောင်း လောက်သာ သိခွင့်ရလိုက်ပြီး ကျန်တဲ့ဘာအကူအညီမှမရတော့ပါဘူး။ ဝမ်ဟတ်ရွာကလဲ နောက်ထပ်သုံးမိုင်တောင်လိုနေပါသေးတယ်။ ကားကိုပြင်လို့မရ၊ မောင်းလို့မရတဲ့အဆုံးမှာ ဝမ်ဟတ်ရွာထိ လမ်းလျှောက်သွားကြပြီး ညအိပ်တည်းခိုကြဖို့ဆိုတာကလဲ အသက် ၇၀ ကျော် ၈၀ နီးပါး ခရီးဖော်ကြီးတွေနဲ့ မလွယ်ကူပါဘူး။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့ဘဲ မိမိတို့ခရီးဖော်အချင်းချင်း တစ်ယောက်တစ်မျိုးနဲ့ စဉ်းစားပြောဆိုနေကြရင်း ၁၅ မိနစ်လောက်အကြာမှာ လင်းခေးမြို့ဘက်ကနေလာတဲ့ ကားတစ်စီးရောက်လာတယ်။ ဒီကားကိုလက်ပြတားပြီး အကူအညီတောင်းကြည့်တော့လဲ ကားမောင်းလာတဲ့သူက မိမိလို ကားသာမောင်းတတ်ပြီး ဘာမှမသိ၊ ဘာမှမတတ်တဲ့သူဖြစ်နေတာကြောင့် လက်လျှော့လိုက်ရတယ်။ နောက်ထပ်ဒုတိယတစ်စီးရောက်လာတဲ့အခါမှာလဲ ဘာမှမထူးခြားဘဲ ကားမောင်းလာသူက အော်တိုကားနဲ့ အော်တိုဂီယာအကြောင်း နားမလည်ကြောင်းပြောသွားခဲ့တယ်။ အချိန်တွေကြာလာခဲ့ပြီး ဘာမှမထူးခြားသေးတာကြောင့်လဲ ညည်းညူစိတ်ပျက်စပြုလာရတယ်။

ဒီလိုနဲ့ နောက်ထပ် ၁၀ မိနစ်လောက်အကြာမှာ မိမိတို့ပြင်ဦးလွင်မြို့ ကားပြင်ဆိုင်တစ်ခုကနေဖုန်းဝင်လာတယ်။ ကားကိုဂီယာထိုးလို့မရတော့တဲ့ မိနစ်အနည်းငယ်အချိန်လောက်မှာ မိမိကဘာဖြစ်တာလဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာကို သိချင်တာကြောင့် ဖုန်းနဲ့ဆက်သွယ်မေးမြန်းနေတာပါ။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ဆက်သွယ်ရေးလိုင်းတွေမကောင်း၊ ဖုန်းတိုင်းကိုခေါ်ဆိုလို့မရ၊ တစ်ချက်တစ်ချက်ရတဲ့ဖုန်းကလဲ မကိုင်နဲ့ဖြစ်နေလို့ ဖုန်းအဆက်အသွယ်ကို လက်လျှော့ထားလိုက်ရတယ်။ အခုဝင်လာတဲ့ဖုန်းက ဖုန်းခေါ်ထားတာတွေ့လို့ဆိုပြီး ပြောဆိုဆက်သွယ်လာတာပါ။ မိမိက ကားရဲ့ဖြစ်ပျက်ပုံအခြေအနေတွေကို ပြောပြပြီး ဘယ်လိုလုပ်ရမလဲ၊ ဘာဖြစ်တာလဲမေးတဲ့အခါ ဘာမှလုပ်မရကြောင်း၊ ဂီယာအုံတစ်ခုလုံးကို ဖြုတ်ချပြီး ပြင်ဆင်ရမဲ့အပြင် မီးလိုင်းအားလုံးကိုလဲ ပြန်လည်စစ်ဆေးရမှာဖြစ်ကြောင်းနဲ့ ကားကိုသူ့ဆိုင်ရှိရာကို ဆွဲယူလာဖို့၊ သင်္ကြန်အပြီးဆိုင်ပြန်ဖွင့်တာနဲ့ ပြင်ဆင်ပေးမယ်ဆိုတဲ့အကြောင်းတွေကို ပြောကြားသွားတော့တယ်။ သူပြောတဲ့အတိုင်းဆိုရင် အခုမိမိတို့ရောက်ရှိနေတဲ့ လင်းခေးမြို့နဲ့မောက်မယ်မြို့ကြားနေရာကနေ ပြင်ဦးလွင်မြို့ရောက်တဲ့ထိ ကားကိုဆွဲယူသွားရမှာဖြစ်နေသလို သင်္ကြန်အပြီးဆိုင်ဖွင့်တော့မှ ကားကိုပြင်ဆင်ရတော့မှာပါ။ ဒါက ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ကားပြင်ဆိုင်ကနေ ဖုန်းဝင်လာတာကြောင့် ဝမ်းသာရမဲ့အခြေအနေကနေ ပိုပြီးစိတ်ပျက်အားလျော့သွားရတော့တယ်။ မိမိတို့ခရီးဖော်အချင်းချင်းတွေလဲ ဘယ်လိုလုပ်ကြမလဲဆိုတာကို ပြောဆိုတိုင်ပင်နေကြရပါပြီ။

ဒီအချိန်အတောအတွင်းမှာ မောက်မယ်မြို့ဘက်ကနေ လာနေတဲ့ကားတစ်စီးကို တွေ့မြင်လိုက်ရတယ်။ ကားကဒိုင်နာအမျိုးအစားပါ။ ဒီကားကိုပြောဆိုအကူအညီတောင်းပြီး ကားပြင်ဆင်လို့ရနိုင်တဲ့ နေရာတစ်ခုခုရှိရာကို ဆွဲယူသွားမယ်ဆိုရင်ဖြစ်နိုင်ပါတယ်။ ဒီနည်းလမ်းကလွဲပြီး တခြားနည်းလမ်းလဲမရှိတော့ပါဘူး။ အခကြေးငွေတောင်းလို့ပေးရရင်လဲ ပေးရပါစေတော့။ ဒီနည်းအတိုင်းသာ လုပ်ကြရတော့မှာပါ။ အချိန်ကလဲ ညနေ ၄ နာရီ ထိုးခါနီးနေပါပြီ။ ခရီးဖော်ကြီးတွေကတော့ ဝမ်ဟတ်ရွာကို ဆွဲယူသွားဖို့ပြောဆိုနေကြတယ်။ ဝမ်ဟတ်ရွာမှာက လူမှုကူညီရေးအသင်းလဲရှိနေသလို ကျေးရွာကြီးတစ်ခုဖြစ်နေတာကြောင့် တည်းခိုအိပ်စက်ကြဖို့နဲ့ စားဖို့၊ သောက်ဖို့ ပူပန်စရာလိုမှာမဟုတ်တော့ပါဘူး။ ကားပြင်ဆင်ကြဖို့ကိုသာ ဆက်လက်ကြိုးစားကြရတော့မှာပါ။




တွေ့မြင်နေရတဲ့ဒိုင်နာကားက မိမိတို့အနီးရောက်လာတဲ့အခါ ကြက်ခြင်းတွေကိုတင်ဆောင်ထားပြီး ကားမောင်းလာတဲ့သူက အသက်သုံးဆယ်ကျော်၊ လေးဆယ်လောက်ဖြစ်ကြောင်းနဲ့ အနည်းငယ်သောက်စားထားကြောင်း သိလိုက်ရတယ်။ ဒ့ါပြင် ကားအမျိုးအစားက အော်တိုဂီယာကားမဟုတ်တာကို တွေ့မြင်လိုက်ရလို့ ထပ်မံစိတ်ပျက်သွားခဲ့ရတယ်။ သူလဲ အော်တိုဂီယာကားအကြောင်းကို သိမယ်မထင်ပါဘူး။ ဒါပေမဲ့ ကားကစက်တော့နိုးတယ်၊ ဂီယာထိုးလို့မရဖြစ်နေတယ်လို့ ပြောလဲပြောလိုက်ကော ဂီယာထိုးလို့မရတာ ဘာခက်တာမှတ်လို့၊ လွယ်လွယ်လေးရယ်ဆိုပြီး ပြောပြောဆိုဆိုနဲ့ ကားပေါ်ကနေဆင်းလာရင်း မိမိကားရဲ့ဂီယာကို တစ်ခါတလေ အော်တိုကားတွေ ဂီယာညပ်ရင် ဟောဒီခလုတ်အနီလေးကိုနှိပ်ပြီး ဟောသလို၊ ဟောသလိုထိုးရတယ်လို့ ရှေ့တိုးနောက်ဆုတ် ဂီယာအမျိုးမျိုးကို ထိုးပြနေတော့တာပါ။

သူကအလွယ်တကူဂီယာထိုးပြနေတာကိုကြည့်ရင်း မိမိအနေနဲ့အတိုင်းမသိ ဝမ်းသာပျော်ရွှင်သွားခဲ့ရတယ်။ ကားကဂီယာထိုးလို့ရပြီဆိုတော့ ရှေ့ခရီးကို ဆက်လက်သွားလို့ရနေပါပြီ။ ကားပြင်ဆင်ရမဲ့ဒုက္ခတွေ၊ လမ်းခုလတ်မှာညအိပ်ရမဲ့ဒုက္ခတွေ မရှိတော့ပါဘူး။ ဒ့ါပြင် ကားဂီယာထိုးလို့မရရင် ဂီယာရဲ့ရှေ့ထိပ်ဘေးမှာရှိနေတဲ့ ခလုတ်အနီလေးကိုနှိပ်ပြီး ထိုးလို့ရတယ်ဆိုတဲ့အသိကို သိသွားခဲ့ရတယ်။ အရင်တုန်းက မသိခဲ့တဲ့ ဒီအသိက အလွန်တန်ဖိုးရှိနေတဲ့အပြင် နောက်ထပ်မိမိတို့လို ဒုက္ခရောက်နေတဲ့သူတွေကို တွေ့ရင်လဲ ကူညီလို့ရသွားပါပြီ။ ဒိုင်နာကားမောင်းလာသူကို ကျေးဇူးတင်ကြောင်းအထပ်ထပ်ပြောပြီး ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာတဲ့အချိန်မှာ ညနေ ၄ နာရီရှိသွားပြီဖြစ်ပါတယ်။ ကားကိုဂီယာထိုးမရလို့ ကြာမြင့်သွားတဲ့အချိန်က မိနစ် ၄၀ ကြာခဲ့ရတယ်။ ဒီမိနစ် ၄၀ အတွင်း ဒုက္ခရောက်စိတ်ပျက်ခဲ့ရတဲ့ ဒဏ်က ကြီးမားဆိုးရွားသလို ရရှိလိုက်တဲ့ အတွေ့အကြုံဗဟုသုတကလဲ ကြီးမားလှပါတယ်။

ရှေ့ခရီးကိုဒုက္ခတွေကင်းဝေးစွာနဲ့ ထွက်ခွာလာနိုင်ပြီဖြစ်လို့ စိတ်လက်တွေပေ့ါပါးသွားရတဲ့အပြင် ပိုပြီးတော့ ပျော်ပျော်ရွှင်ရွှင်ဖြစ်လာရတယ်။ ဒါပေမဲ့ သုံးမိုင်သာ ဝေးကွာတော့တဲ့ ဝမ်ဟတ်ရွာကို မကြာခင်အချိန်အတွင်း ရောက်ရှိလာတဲ့အခါ ရွာတွင်းလမ်းတစ်လျှောက်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရေပက်၊ ရေဆော့ကစားနေသူတွေကြောင့် တစ်ကိုယ်လုံးမှာရေတွေ ရွှဲရွှဲစိုသွားရတော့တယ်။ ကားကိုဂီယာထိုးပြီး မောင်းနှင်လို့ရနေပေမဲ့ ကားမှန်အတင်အချတွေကို လုပ်လို့မရသေးတာကြောင့်ပါ။ သင်္ကြန်ရေတွေ စိုရွှဲနေကြပေမဲ့ ကားကိုမောင်းလို့မရဘဲ ဒုက္ခတွေ့နေကြတာနဲ့စာရင် ရေစိုတာက ဘာမှမပြောပလောက်တာမို့ တစ်ကိုယ်လုံး ရေတွေစိုနေကြတာတောင် ဝမ်းသာပျော်ရွှင်နေကြရပါတယ်။

ဝမ်ဟတ်ရွာကို ဖြတ်သန်းမောင်းနှင်နေချိန်အတွင်းမှာ လူမှုကူညီရေးရုံးကို လိုက်လံရှာဖွေနေမိတယ်။ ကားကိုမောင်းနှင်ပြီး ရှေ့ခရီးဆက်နိုင်လာကြလို့သာ ဝမ်ဟတ်ရွာကို ဖြတ်သန်းနေကြရတာပါ။ ဒီလိုမှမဟုတ်ရင် အခုရောက်ရှိနေတဲ့ ဝမ်ဟတ်ရွာမှာ ညအိပ်ကြရတော့မှာဖြစ်ပါတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေ အလွန်ကံကောင်းသွားကြသလို ဝမ်ဟတ်ရွာ လူမှုကူညီရေးအသင်းရုံးကိုလဲ မတွေ့မမြင်ခဲ့ရပါဘူး။ အမှန်တကယ်ရှိနေပြီး မတွေ့မမြင်ခဲ့ကြတာဖြစ်မှာပါ။

ဝမ်ဟတ်ရွာကိုကျော်လွန်လာတာနဲ့ လမ်းရဲ့အခြေအနေက အကွေ့တွေ၊ အတက်တွေနဲ့စတင်လာတယ်။ လင်းခေးမြို့ကနေ ထွက်လာပြီးကတည်းက ဒီလိုအကွေ့တွေ၊ အတက်အဆင်းတွေ မရှိသေးဘဲ မြေပြန့်လွင်ပြင်ဖြစ်နေခဲ့တာပါ။ မြေပုံထဲမှာ တွေ့မြင်နေရတဲ့ လမ်းညွှန်သင်္ကေတ အမှတ်အသားတွေအရ လင်းခေးမြို့က ပင်လယ်ရေမျက်နှာပြင်အထက် ၉၉၆ ပေမှာရှိနေပြီး မောက်မယ်မြို့ကပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၆၃၀ မှာရှိနေတာကြောင့် တောင်တက်ခရီးတစ်ခုကို စတင်ရတော့မယ်ထင်ပါတယ်။ ကားကိုဂရုစိုက်ပြီးမောင်းနှင်နေရင်းနဲ့ တကယ်လဲတောင်တက်ခရီးကြီးတစ်ခု ဖြစ်နေတာကို တွေ့မြင်နေရတယ်။ တဖြည်းဖြည်းနဲ့ အကွေ့အကောက်တွေ ပိုမိုများပြားလာသလို အတက်တွေကလဲ ပိုမိုမက်စောက်လာတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာလဲ သစ်ပင်သစ်တောကြီးတွေ၊ တောင်ကုန်းတောင်တန်းကြီးတွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ဖြစ်နေတယ်။ ဒ့ါပြင် ကားမောင်းနေစဉ်အတွင်းမှာ ကောင်းကင်ယံတစ်ခုလုံး မိုးသားတိမ်လိပ် တိမ်ညိုတိမ်မည်းတွေ တရိပ်ရိပ်တက်လာတာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်အုံ့ဆိုင်းသွားခဲ့ရတယ်။ လမ်းကကျဉ်းကျဉ်း၊ အကွေ့အကောက်တွေကများများ၊ အတက်အဆင်းတွေက မက်စောက်၊ ဝန်းကျင်တစ်ခုလုံး အုံ့ဆိုင်းမည်းမှောင်နေပေမဲ့ အချိန်က ညနေ ၄ နာရီကျော်သာရှိနေပါသေးတယ်။ တစ်လမ်းလုံးမှာလဲ အသွားအလာလုံးဝမရှိဘဲ ရှင်းလင်းနေပါတယ်။ ဒီလိုရှင်းလင်းနေလို့လဲ ကားကိုဖြည်းဖြည်းမှန်မှန်နဲ့ တစ်ကွေ့ပြီးတစ်ကွေ့၊ တစ်တက်ပြီးတစ်တက် ပုံမှန်မောင်းနှင်နိုင်နေတာဖြစ်သလို မျက်နှာချင်းဆိုင်က ကားတစ်စီးစီး လာမယ်ဆိုရင်၊ ဒါမှမဟုတ် ကားတစ်စီးစီးကို ကျော်တက်ရတော့မယ်ဆိုရင် ခက်ခက်ခဲခဲနဲ့ ရှောင်ရှားကျော်တက်ရမဲ့ လမ်းရဲ့အခြေအနေပါ။

ဒီလိုနဲ့ မောက်မယ်မြို့အဝင်ဆိုင်းဘုတ်ရှိရာကို ရောက်လာခဲ့ကြတယ်။ မိမိတို့ခရီးဖော်တွေအားလုံးကတော့ ဒုက္ခတွေကင်းဝေးသွားပြီး မောက်မယ်မြို့အဝင်ကိုရောက်လာခဲ့ကြလို့ ဝမ်းသာပျော်ရွှင်နေကြရပါတယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် စပါး ဧက ၁၉၉၈၅၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကောလင်းမြို့နယ်၌ ၆၇၆၃ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၂၄ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ဧက ၃၀ စုစုပေါင်း ၆၉၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကောလင်းခရိုင်အတွင်း စပါးဧက ၁၉၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် စပါးစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၉၆၃၇ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၄ ဧက စုစုပေါင်း ဧက ၁၉၉၈၅၀ ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## သာစည်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ၄က်ကြီးသိုက်ကျေးရွာအုပ်စု ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျားပစ်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျားပစ်ကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၄၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မင်္ဂလာရုံ)**

# အမေရိကန်နိုင်ငံ NAACP က အီလွန်မက်စ်၏ xAI ကုမ္ပဏီကို လေထုညစ်ညမ်းစေမှုဖြင့် တရားစွဲဆိုရန်ပြင်ဆင်နေကြောင်း ထုတ်ပြန်



**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ် မမ်ဖစ်မြို့တွင် ဘီလီယံနာ အီလွန်မက်စ်ပိုင်ဆိုင်သည့် xAI ကုမ္ပဏီကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေသဖြင့် National Association for the Advancement of Colored People (NAACP) က တရားစွဲဆိုရန်ပြင်ဆင်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

NAACP အနေဖြင့် အီလွန်မက်စ်ကုမ္ပဏီကို တရားဥပဒေလမ်းကြောင်းအတိုင်း ရင်ဆိုင်သွားမည်ဖြစ်ပြီး မကြာမီ တရားစွဲဆိုမှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ xAI ကုမ္ပဏီ၏ အချက်အလက်စုဆောင်းသည့်စင်တာမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုသည် မမ်ဖစ်မြို့၏ လေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်လာစေကြောင်း NAACP က အချက်အလက်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။

"မမ်ဖစ်မြို့က ပြည်သူတွေရဲ့ ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နေတဲ့အရာတွေကို တားမြစ်သွားဖို့အတွက် တရားဥပဒေလမ်းကြောင်းအတိုင်း ဆောင်ရွက်သွားမယ်။ xAI ကုမ္ပဏီရဲ့ အချက်အလက်စုဆောင်းတဲ့ စင်တာကနေ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုနှုန်းက အရမ်းကို မြင့်မားနေတယ်။ စင်တာအတွက် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်တွေကို သဘာဝဓာတ်ငွေ့ တာဘိုင်တွေ တည်ဆောက်ပြီး ထုတ်ယူနေတယ်။ ဒီတာဘိုင်တွေဟာ ခွင့်ပြုချက်မရှိဘဲ တည်ဆောက်ထားတာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့ ငြိစွန်းနေပါတယ်။ လေထုညစ်ညမ်းမှုတွေလဲ ဖြစ်ပေါ်စေတဲ့အတွက်ကြောင့် တရားဥပဒေလမ်းကြောင်းအတိုင်း ရင်ဆိုင်သွားဖို့ ပြင်ဆင်နေပါတယ်"ဟု Southern Environmental Law Center (SELC) မှ စီနီယာရှေ့နေတစ်ဦးဖြစ်သူ ပက်ထရစ်အန်ဒါဆင်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံ ရေဘေးသင့်ပြည်နယ်ငါးခုကို အရေးပေါ်အခြေအနေဖြင့် တုံ့ပြန်မည်ဖြစ်ကြောင်း SFCDRH က ထုတ်ပြန်

**ပေကျင်း ဇွန် ၁၉**

တရုတ်နိုင်ငံ ပြည်နယ်ငါးခုတွင် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရပြီး ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ရေဘေးအန္တရာယ်တုံ့ပြန်ရေးအစီအစဉ်များကို အရေးပေါ်အခြေအနေဖြင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း State Flood Control and Drought Relief Headquarters(SFCDRH) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည့် ပြည်နယ်များမှာ အန်ဟွေးပြည်နယ်၊ ဟူပေပြည်နယ်၊ ဟူနန်ပြည်နယ်၊ ချုံချင့်ဒေသ၊ ကွေ့ကျိုးပြည်နယ်တို့ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ကို အဆင့်(၄)အဖြစ် သတ်မှတ်ထားသည့်အတွက် ပြန်လည်တုံ့ပြန်ရေးအစီအစဉ်ကို အရေးပေါ်အခြေအနေဖြင့် တုံ့ပြန်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှာ မီလီမီတာ ၁၀၀ မှ မီလီမီတာ ၁၈၀ ထိ ရွာသွန်းခဲ့ခြင်းကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း မိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

ရေဘေးသင့်ပြည်နယ် ငါးခုတွင် အန္တရာယ်ရှိသော ဧရိယာအတွင်းနေထိုင်သည့် ဒေသခံများကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် SFCDRH က သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များအတွက် တရုတ်အစိုးရအနေဖြင့် ဘတ်ဂျက်ငွေများခွင့်ပြုထားပြီးဖြစ်ကြောင်း၊ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်အတွက် ပြည်နယ်တစ်ခုလျှင် ယွမ် သန်း ၆၀ ခန့်ထိ ရရှိနိုင်ပြီး အခြေခံ အဆောက်အအုံများကို ပြန်လည် ပြုပြင်မှုကဏ္ဍများအတွက် ဦးစားပေးအသုံးပြုသွားမည်ဖြစ်ကြောင်း SFCDRH က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီယာပတ်စ်ပြည်နယ်ကမ်းလွန်တွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား



**မက္ကဆီကိုစီးတီး ဇွန် ၁၉**

မက္ကဆီကိုနိုင်ငံ တောင်ပိုင်း ချီယာပတ်စ်ပြည်နယ် ကမ်းလွန်တွင် ဇွန် ၁၈ ရက်က ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဥရောပမြေထဲပင်လယ် ငလျင်ဆိုင်ရာဗဟိုဌာန ESMC က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ငလျင်သည် မက္ကဆီကိုနိုင်ငံ တောင်ပိုင်း တာပါချူလာမြို့မှ ၁၈၉ ကီလိုမီတာအကွာတွင်ရှိသော ချီယာပတ်စ်ပြည်နယ်၏ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ချီယာပတ်စ်ပြည်နယ်ရှိ လူနေအဆောက်အအုံ၊ အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ရသည့်အပြင် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့ပြိုလဲခဲ့ရကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် စိတ်ချရမှုမရှိသော အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများကြား ပိတ်မိနေသူများလည်း ရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေကြောင်း သိရသည်။

လက်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရရှိသူများရှိကြောင်း၊ မက္ကဆီကိုအမျိုးသားအရပ်ဘက်ကာကွယ်ရေးအေဂျင်စီက ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်း၍ အဆိုပါဧရိယာရှိ ပျက်စီးမှုကိုစစ်တမ်းများ ကောက်ယူနေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်ဒီဒိုဆူးလ်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့

**ဘရာဇီးလီးယား ဇွန် ၁၉**

ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်ဒီဒိုဆူးလ်ပြည်နယ်တွင် ဇွန် ၁၈ ရက်က ပြင်းထန်သောမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့သည်ဟု ဘရာဇီးအာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ သဘာဝဘေးများကြောင့် လူများစွာထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ဇွန် ၁၈ ရက်က သည်းထန်စွာရွာသွန်းခဲ့သည့်မိုးကြောင့် မြစ်ရေမျက်နှာပြင်မြင့်တက်လာကာ ရီယိုဂရန်ဒီဒိုဆူးလ်ပြည်နယ်၏ မြို့တော်ပေါ်တိုအယ်ဂရီနှင့် ကန်နေ့ဲ့မြို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါရေလွှမ်းမိုးမှုကြောင့် အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကျခဲ့သဖြင့် လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြည်နယ်အတွင်း နေထိုင်သော လူပေါင်း ၂၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း၊ ကျောင်း ၁၇ ကျောင်းကို ခေတ္တပိတ်ထားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ



# မိုးရာသီစတင်နေပြီဖြစ်၍ သဘာဝဘေးများကို ကြိုတင်ပြင်ဆင်ထားရန် တောင်ကိုရီးယားတွင် ပြည်သူများထံ သတိပေးချက်ထုတ်ပြန်

**ဆိုးလ် ဇွန် ၁၉**

တောင်ကိုရီးယားနိုင်ငံတွင် မိုးရာသီ ဝင်ရောက်လာပြီး မိုးရွာသွန်းမှုများလည်း ယနေ့မှစတင်နေပြီဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ပြည်ထဲရေးဝန်ကြီးက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မိုးရာသီအတွင်း ပြည်သူများ အန္တရာယ် ကင်းစေရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကိုလည်း ကြိုတင်ပြင်ဆင်မှုများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ထားရန် ပြည်ထဲရေးဝန်ကြီးက ထုတ်ပြန်ထားကြောင်း၊ ပြည်ထဲရေးဝန်ကြီးသည် ဆိုးလ်မြို့တွင် အစိုးရအဖွဲ့ဝင်များဖြင့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး မိုးကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများလည်း ပြုလုပ်ခဲ့ကြောင်း၊ မိုးရာသီကာလအတွင်း မိုးရွာသွန်းမှုများနှင့်ပတ်သက်ပြီး ပြည်သူများအတွက် မိုးလေဝသခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်းလည်း Korea Meteorological Administration (KMA) က ထုတ်ပြန်ခဲ့သည်။

"တောင်ကိုရီးယားနိုင်ငံမှာ မိုးရာသီ စတင်ပြီဖြစ်ပါတယ်။ မိုးရာသီအတွင်း ရင်ဆိုင်ရနိုင်တဲ့ သဘာဝဘေးဒဏ်တွေနဲ့ပတ်သက်ပြီးတော့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့နဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ဖို့ စီစဉ်နေပါပြီ။ အဓိကကတော့ ရေကြီးရေလျှံမှုအတားအဆီးတွေ တည်ဆောက်သွားဖို့ ပြင်ဆင်သွားပါမယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ML

# စနေနေ့ညကစားမဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှာ ရမှတ်လိုအပ်နေတဲ့ ဒေါ့မွန်၊ အင်တာမီလန်၊ မွန်တာရေးအသင်းတို့ကိုအားပေးရမှာပါ




အခုတစ်ပတ် စနေနေ့ညမှာကစားမဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလား အုပ်စုအဆင့်မှာပွဲစဉ် (၂) ရောက်လာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ အုပ်စုအဖွင့်ပွဲစဉ်မှာ ရလဒ်ပိုင်းကျဆင်းခဲ့တဲ့ အသင်းတွေဟာ အခုပွဲစဉ်ကို နိုင်ပွဲရယူနိုင်မှသာနောက်ဆုံးပွဲမှာ အုပ်စုကကျော်ဖြတ်ဖို့ မျှော်လင့်ချက်သေချာမှာပါ။ လက်ရှိအုပ်စုအဆင့်မှာ လေးသင်းတစ်အုပ်စုကစားနေရပေမဲ့ ထိပ်ဆုံးအသင်းနှစ်သင်းသာ ၁၆ သင်းရှုံးထွက်အဆင့်တက်ရောက်နိုင်မှာဖြစ်လို့ အုပ်စုဒုတိယပွဲစဉ်ဟာနောက်တစ်ဆင့်တက်ရောက်ရေးအတွက် အသင်းတိုင်းအတွက် အဆုံးအဖြတ်ဖြစ်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာ အုပ်စုအဖွင့်ပွဲမှာ ရမှတ်ဆုံးရှုံးခဲ့လို့ အခုပွဲမှာရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

## ဒေါ့မွန်အသင်းကိုရွေးရမှာပါ

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု ဒုတိယပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ တောင်အာဖရိကကလပ် ဆန်းဒေါင်းအသင်းနဲ့ ဂျာမန်ကလပ် ဒေါ့မွန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းစလုံးဟာ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာတစ်ခါမှ အောင်မြင်မှုမရဖူးပေမဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာတော့ ဒေါ့မွန်အသင်းကဆန်းဒေါင်းအသင်းထက် သာလွန်နေတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်းဟာအုပ်စု (F) မှာဘရာဇီးကလပ် ဖလူမီနန်စီအသင်း၊ တောင်ကိုရီးယားကလပ် အာဆန်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပါတယ်။ ဆန်းဒေါင်းအသင်းဟာ အခုပြိုင်ပွဲမှာ အတွေ့အကြုံမရှိခဲ့ပေမဲ့တောင်အာဖရိကဇုန်မှာအဆင့်သတ်မှတ်ချက် မြင့်မားခဲ့တာကြောင့် ပါဝင်ကစားခွင့်ရခဲ့ပြီး အဖွင့်ပွဲစဉ်မှာတောင်ကိုရီးယားကလပ် အာဆန်အသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အာဆန်အသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ အာဆန်အသင်းရဲ့ တန်ပြန်တိုက်စစ်ကိုထိန်းချုပ်ဖို့ ခက်ခဲနေတာကြောင့် ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး ပွဲကစားချိန် ၃၆ မိနစ်အရောက်မှာတော့ ဦးဆောင်ဂိုးရခဲ့ပြီး နောက်ပိုင်းပြိုင်ဘက်ကို ထိန်းချုပ်ကစားခဲ့တာကို တွေ့ရမှာပါ။

ဒေါ့မွန်အသင်းကလဲ အခုပြိုင်ပွဲကို ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့တာကြောင့် ပြိုင်ပွဲအတွေ့အကြုံနည်းပါးနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ၁၉၉၇ ခုနှစ်မှာ ချန်ပီယံလိဂ်ဖလားရခဲ့ပေမဲ့ အဲဒီအချိန်က တိုက်ကြီးများဖလားပြိုင်ပွဲသာ ကျင်းပခဲ့တာကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ကစားခဲ့ဖူးခြင်းမရှိပါဘူး။ ဒါကြောင့် သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာအတွေ့အကြုံများတဲ့ ဖလူမီနန်စီအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီးမှ ရမှတ်တစ်မှတ်သာရခဲ့တာဖြစ်ပါတယ်။ အဲ့ဒီပွဲစဉ်မှာ ၄-၃-၂-၁ ကစားကွက်နဲ့ ဂီရက်ဆီ၊ အဒီရီမီ၊ ဘရန့်ဒ်တို့လို ကစားသမားတွေနဲ့ တိုက်စစ်ကိုဦးဆောင်ခဲ့ပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ကစားနိုင်ခဲ့ပြီး ထိရောက်မှုဂိုးပေါက်ခြိမ်းခြောက်မှုနည်းခဲ့တာကို တွေ့ရမှာပါ။ လက်ရှိအကျောပေးမှုကလဲ ဒေါ့မွန်ကတစ်ဂိုးနဲ့နိုင်ရင်တောင် ခပ်ပါးပါးဆုံးရှုံးနိုင်မဲ့ အကျောပေးမှုက ဆန်းဒေါင်းအသင်းအနည်းဆုံး တစ်ဂိုးပေးရမှာသေချာနေတာကြောင့် အနိုင်သေချာမဲ့ ဒေါ့မွန်အသင်းကိုပဲ ရွေးရမှာပါ။

### ဆန်းဒေါင်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချီပါယူနိုက်တက် | ၀ | - | ၃ | ဆန်းဒေါင်း |
| ဆန်းဒေါင်း | ၂ | - | ၀ | မာဂျက်စီ |
| ဆန်းဒေါင်း | ၁ | - | ၁ | ပိရမစ် |
| ပိရမစ် | ၂ | - | ၁ | ဆန်းဒေါင်း |
| အာဆန် | ၀ | - | ၁ | ဆန်းဒေါင်း |

### ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၂ | - | ၃ | ဒေါ့မွန် |
| ဒေါ့မွန် | ၄ | - | ၀ | ဝုဖ်ဘတ် |
| လေဗာကူဆင် | ၂ | - | ၄ | ဒေါ့မွန် |
| ဒေါ့မွန် | ၃ | - | ၀ | ဟိုစတိန်း |
| ဖလူမီနန်စီ | ၀ | - | ၀ | ဒေါ့မွန် |

## အင်တာမီလန်အသင်းအနိုင်ရမှာပါ

ဖီဖာကလပ် အုပ်စုဒုတိယပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ အီတလီကလပ် အင်တာမီလန်အသင်းနဲ့ ဂျပန်ကလပ် အူရာဝါရက်ဒိုင်းမွန်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်တာမီလန်ဟာ၂၀၁၀ ပြည့်နှစ် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆုဖလားရယူနိုင်ခဲ့တာကြောင့် အခုအုပ်စုမှာအတွေ့အကြုံကောင်းနဲ့ ခြေစွမ်းအကောင်းဆုံးဖြစ်နေတယ်လို့ ဆိုရမှာပါ။ လက်ရှိ ယူအီးအက်ဖ်အေဇုန်မှာလဲ အင်တာမီလန်ဟာ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲသုံးနှစ်အတွင်း ဗိုလ်လုပွဲနှစ်ကြိမ်ထိ တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာတော့ မက္ကဆီကိုကလပ် မွန်တာရေးအသင်းနဲ့ ကစားခဲ့ရလို့ ပွဲကျပ်ခဲ့ပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာတော့ အင်တာမီလန်ဟာပြိုင်ဘက်ကို လျှော့တွက်ခဲ့ပြီးသူရမ်၊ ဒီမာကိုတို့လို ကစားသမားတွေကို အနားပေးခဲ့တာကြောင့် တိုက်စစ်ကစားပုံကျဆင်းခဲ့လို့ ရမှတ်ခွဲပေးလိုက်ရတာပါ။ လာမဲ့ပွဲမှာတော့ နည်းပြသစ် ချီဗူးဟာ ယခင်အသုံးပြုနေကြ သူရမ်၊ မာတီနက်ဇ်တို့အတွဲနဲ့ ပွဲထွက်လာမှာသေချာသလို ပြိုင်ဘက် အူရာဝါရက်ဒိုင်းမွန်အသင်းကလဲ အင်တာမီလန်နဲ့ယှဉ်ရင် ဘောလုံးထိန်းသိမ်းမှုအားနည်းတာကြောင့် ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

အူရာဝါရက်ဒိုင်းမွန်အသင်းဟာ ၂၀၂၂ ခုနှစ် အေအက်ဖ်စီချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆုဖလားရခဲ့တာကြောင့် အခုပြိုင်ပွဲမှာပါဝင်ကစားခွင့်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ အေအက်ဖ်စီချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရုန်းကန်ခဲ့ရသလို အခုနှစ် အမှတ်ပေးပြိုင်ပွဲမှာလဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးလို့ ရာသီဝက်ပြီးဆုံးချိန်မှာ အဆင့်လေးမှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာတော့ ရေဗားပလိတ်အသင်းက ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့တာကြောင့် ပွဲချိန် ၁၂ မိနစ်၊ ၄၈ မိနစ်၊ ၇၃ မိနစ်တို့မှာ ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ခဲ့ပြီး သူတို့အသင်းကတော့ ပွဲချိန် ၅၈ မိနစ်မှာရရှိတဲ့ ချေပဂိုးတစ်ဂိုးနဲ့သာပြီးဆုံးခဲ့လို့ သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရေဗားပလိတ်အသင်းကို တိုက်စစ်ဖွင့်ကစားခဲ့လို့ ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပြီး အခုပွဲမှာ အင်တာမီလန်လိုအသင်းကို တိုက်စစ်ဖွင့်ကစားရင်တော့ ပေးဂိုးတွေများသွားမှာသေချာပါတယ်။ သူတို့နှစ်သင်းမှာနည်းစနစ်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ အင်တာမီလန်က သာနေသလို အင်တာမီလန်ကအခုပွဲကို နိုင်ပွဲရမှ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရှိမှာဖြစ်လို့ ပွဲချိန်ပြည့် တိုက်စစ်ဆင်းလာမဲ့ အင်တာမီလန်အသင်းပဲအနိုင်ရမှာပါ။

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| တိုရီနို | ၀ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၂ | လာဇီယို |
| ကိုမို | ၀ | - | ၂ | အင်တာမီလန် |
| ပီအက်စ်ဂျီ | ၅ | - | ၀ | အင်တာမီလန် |
| မွန်တာရေး | ၁ | - | ၁ | အင်တာမီလန် |

### အူရာဝါရက်ဒိုင်းမွန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကာဝါဆာကီ | ၂ | - | ၂ | အူရာဝါရက်ဒိုင်းမွန်း |
| နာဂိုယာ | ၂ | - | ၁ | အူရာဝါရက်ဒိုင်းမွန်း |
| အူရာဝါရက်ဒိုင်းမွန်း | ၀ | - | ၀ | အိုဆာကာ |
| အူရာဝါရက်ဒိုင်းမွန်း | ၂ | - | ၁ | ယိုကိုဟားမား |
| ရေဗားပလိတ် | ၃ | - | ၁ | အူရာဝါရက်ဒိုင်းမွန်း |

## မွန်တာရေးအသင်းကို အားပေးရမှာပါ

ဖီဖာကလပ် အုပ်စုဒုတိယပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့တာကတော့ ရေဗားပလိတ်အသင်းနဲ့ မွန်တာရေးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရေဗားပလိတ်အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ နိုင်ပွဲရခဲ့တာကြောင့် အုပ်စုပထမနေရာရပ်တည်နေပြီး နောက်တစ်ဆင့်တက်ရောက်ဖို့ အလားအလာကောင်းနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနိုင်ရခဲ့တာက ဂျပန်ကလပ် အူရာဝါရက်ဒိုင်းမွန်းအသင်းဖြစ်နေပြီး အခုအုပ်စုမှာ စုဖွဲ့မှုအားအနည်းဆုံးအသင်းဖြစ်နေတာကို သတိပြုရမှာပါ။ ဒါကြောင့် မွန်တာရေးနဲ့ ပွဲစဉ်ကိုနိုင်ပွဲရမှသာ ၁၆ သင်းရှုံးထွက်အဆင့်က တက်ရောက်နိုင်မှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၁၅ ခုနှစ်က ပါဝင်ကစားခဲ့ရာမှာ ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲမှာ ဘာစီလိုနာအသင်းကိုရှုံးခဲ့တာကြောင့် ချန်ပီယံဆုနဲ့လွဲချော်ခဲ့တာကို တွေ့ရမှာပါ။ ရေဗားပလိတ်ဟာ အဖွင့်ပွဲကိုနိုင်ပွဲရခဲ့တာကြောင့် အခုပွဲကိုသရေရလဒ်ကစားနိုင်မယ်ဆို နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးများနေလို့ အခုပွဲမှာ ခံစစ်အားပြုလာဖို့များပါတယ်။

မွန်တာရေးအသင်းဟာ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုတစ်ကြိမ်မှ ပါဝင်ကစားဖူးခြင်းမရှိပေမဲ့ လက်ရှိမှာတော့ ခံစစ်ကစားသမားရာမို့စ်၊ အိုကမ်ပို့စ်တို့လိုအတွေ့အကြုံရှိတဲ့ ကစားသမားတွေကိုပိုင်ဆိုင်ထားတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ အင်တာမီလန်လိုအသင်းဘက်ကသာလွန်နေတဲ့ အသင်းကိုတန်ပြန်တိုက်စစ်နဲ့ အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့သလို ဦးဆောင်ဂိုးစသွင်းနိုင်ခဲ့ပြီး သရေရလဒ်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ မွန်တာရေးနည်းပြ တောရန့်ကတော့ အင်တာမီလန်ကိုကစားခဲ့တဲ့ ပွဲထွက်လူစာရင်းနဲ့ ၃-၅-၂ ကစားကွက်နဲ့ ပွဲထွက်လာမယ်ဆိုရင် ရေဗားပလိတ်လိုခံစစ်ပိုင်းအားနည်းတဲ့ အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာသုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းပွဲတိုင်းဂိုးသွင်းယူနိုင်တာဖြစ်လို့ အခုပွဲမှာလဲ ရေဗားပလိတ်အသင်းကို ဖိအားပေးနိုင်မှာဖြစ်လို့ ရမှတ်လိုအပ်နေတဲ့ မွန်တာရေးကိုအသင်းပဲ အားပေးရမှာပါ။

### ရေဗားပလိတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရေဗားပလိတ် | ၃ | - | ၀ | ဘာရာကတ်စ် |
| ရေဗားပလိတ် | ၆ | - | ၂ | အင်ဒီပန်းဒီယန့်တီ |
| ရေဗားပလိတ် | ၁ | - | ၁ | ပလာတန်စီ |
| ရေဗားပလိတ် | ၁ | - | ၁ | ဒီပို့တီ |
| ရေဗားပလိတ် | ၃ | - | ၁ | အူရာဝါရက်ဒိုင်းမွန်း |

### မွန်တာရေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မွန်တာရေး | ၁ | - | ၂ | ပါချူအာ |
| မွန်တာရေး | ၂ | - | ၀ | နေစီယွန်နယ် |
| တိုလူကာ | ၂ | - | ၁ | မွန်တာရေး |
| မွန်တာရေး | ၃ | - | ၂ | တိုလူကာ |
| မွန်တာရေး | ၁ | - | ၁ | အင်တာမီလန် |

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၃၄၀၉ ကေထိ ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၄၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၂၃၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၄၀၉ ကေ ရိတ်သိမ်းပြီးစီးနေပြီး တစ်ကေလျှင် ၈၈ ဒသမ ၄၉ တင်း ထွက်ရှိကြောင်း သိရသည်။

" ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါး ၄၂၃၉ ကေထိဘဲ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတယ်၊ ပိုးမွှားကျရောက်မှု ကာကွယ်စေဖို့ အသိပညာပေးတယ်၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိဖို့ အသိပေးဆောင်ရွက်ခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ကေ အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေး သင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီးဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် ပေကုန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြို့သစ် ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပေကုန်းကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်နှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပေကုန်းကျေးရွာတွင် လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ကျေးရွာတွင်း ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကိုယခုနှစ်ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀၊ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုလ ၁၀ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**









ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

သဘာဝအစစ်ရဲ့ အရသာထူး စိတ်နှလုံးကြည်နူး ....

ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လှသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၀၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



ချစ်ရတဲ့သူတွေ လက်ဆောင်ပေးထားတဲ့ ထီလက်မှတ်တွေကို ဘယ်လိုယူကြမလဲ ?

5 Digits




ထီလက်ဆောင် ပေးရန် Scan

"လက်ဆောင်" သို့ဝင်ပြီး "ထီလက်မှတ်ရယူမည်" ကိုရွေးပါ။ ထို့နောက် လက်ခံရရှိထားသော QR ကို Scan ဖတ်လိုက်ရုံနဲ့ ထီလက်မှတ်လက်ဆောင်တွေ ပိုင်ဆိုင်နိုင်ပါပြီ။ လက်ခံရရှိထားသော ထီလက်မှတ်များကို "ကျွန်ုပ်၏ထီလက်မှတ်" တွင် စစ်ဆေးနိုင်ပါသည်။

Call Center 777 (or) 09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ 109 C လမ်း၊ 46 x 47 လမ်းကြားနေ မသြသုချယ် (ဘ) ဦးကြည်မိုး၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ–294548)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၆၀၀၄၄၈

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ မောင်ရဲဝင်းအောင် (ဘ) ဦးအိုက်စိုင်း(၉/ပဥလ(နိုင်)၀၈၇၇၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME–007490)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၄၉၅၃၂၄၈

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ❖ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကို ပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက် သာယာအောင် ဝိုင်းဝန်း ဆောင်ရွက်သွားကြရန်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# MNL League Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ တက်ရောက်



ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

MNL League Cup ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၇ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257